မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၂၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိ ပြည်ပဝယ်လိုအားများလည်း တိုးတက်များပြားလာသည်ကို တွေ့မြင်နေရ နိုင်ငံတော်ပိုင်သယံဇာတများဖြစ်၍ မိမိအကျိုးကိုသာ ရှေးရှုလုပ်ကိုင်ခြင်းမပြုဘဲ နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် တူးဖော်ထုတ်လုပ်

နေပြည်တော် ဩဂုတ် ၂၁

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးကို ယနေ့ညနေ ၅ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ပြည်ပြေးဟူသည် နိုင်ငံတကာမှာရော၊ တစ်နိုင်ငံချင်းမှာပါ အာဏာရလာရိုးထုံးစံမရှိ

❒ ပြည်ပြေးဟူသည် ယခင်ကရော၊ ယခုအခါပါ၊ နိုင်ငံတကာမှာရော၊ တစ်နိုင်ငံချင်းမှာပါ အာဏာရလာရိုးထုံးစံမရှိပေ။ ပြည်ပမှာနေ၊ ပြည်ပကခိုင်းတာလုပ်၊ ပြည်ပက ကျွေးသမျှစားပြီး ပြည်ပမှာပင် အရိုးထုတ်ကြရစမြဲဖြစ်သည်။ မျက်မှောက် နိုင်ငံတကာ သတင်းများကိုကြည့်လျှင် နိုင်ငံတစ်ခုကို အသားလွတ်ကျူးကျော်တိုက်ခိုက်ပြီး ကျူးကျော်ခံရသောနိုင်ငံမှ ၎င်းတို့မကြိုက်သော အစိုးရကို ဖယ်ရှားကာ ၎င်းတို့သြဇာခံ ရုပ်သေးအစိုးရတင်လျက် နောက်ကွယ်မှ ခြယ်လှယ်ကြိုးကိုင် သွေးစုပ်သည့် ကိုလိုနီပုံစံသစ်ကို တွေ့နေကြရ

ဦးမျိုးမြင့်(ဥပဒေ)၏ အမျိုးသားသစ္စာဖောက်ပြည်ပြေးများအကြောင်း ဆောင်းပါး(စာ ၈-၉)တွင် ဖတ်ရှုနိုင်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

တည်ငြိမ်အေးချမ်းမှုခိုင်မြဲရေး ညီညွတ်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်မှစ၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ခဲ့သည်။

နယ်မြေဒေသများ ငြိမ်းချမ်းတည်ငြိမ်မှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးစည်ပင်တိုးတက်လာလျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်စွာ ပေါင်းစည်းယှက်နွယ် နေထိုင်ကြခြင်းဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရလဒ်များ ထာဝစဉ် ဖြစ်ထွန်းနေမည် ဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးအတွင်း နယ်မြေဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဖန်တီးပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

ကရင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့နှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်း၌ အခြေခံပညာကျောင်းများ တိုးတက်ဖွင့်လှစ်ပေးလျက် ရှိသကဲ့သို့ ဘားအံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကို ဖွင့်လှစ်ပေးထားရာ လူငယ်လူရွယ်များအတွက် အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်း၌ပင် လက်လှမ်းတမီ သင်ယူနိုင်ကြပြီဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်းဘွဲ့မြို့နယ်ရှိ မြိုင်ကြီးငူအထူးဒေသတွင်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ဒီကေဘီအေအဖွဲ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

အဆိုပါ ဒေသတွင် စပါးသီးနှံအပြင် ရေမြေသဘာဝအရ စိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာ၊ ပြောင်း၊ ကြံနှင့်ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးလျက်ရှိသည်။ သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို တိုးချဲ့စိုက်ပျိုးသွားနိုင်သည်နှင့်အမျှ စားဝတ်နေရေးအတွက် ရေရှည်အားထားနိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံးက ညီညွတ်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းသာယာမှုရလဒ်များ ထာဝစဉ်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပေသည်။ ။

ရန်ကုန်-လပွတ္တာ၊ ရန်ကုန်-ဘိုကလေး ကုန်တင်အမြန်ရေယာဉ်ပြေးဆွဲရေရှည်၌ ကုန်အမြဲတမ်းရရှိရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအာမခံ ခရီးသည်နှင့်ရေယာဉ်များ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းရေးအလေးထား

ရန်ကုန် ဩဂုတ် ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ရက် နံနက်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရုံးသို့ ရောက်ရှိကြရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးရှိန်းယောက လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်က လိုအပ်သည်များ ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်သုံးဆီချွေတာပြီး စနစ်တကျသုံးစွဲရေး၊ ရေယာဉ်ဗုံးရမ်းသူ စိတ်ချမ်းသာမှုရှိစေရေး၊ ရေယာဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ အသုံးစရိတ်နှင့် ဝင်ငွေမျှတရေး၊ တီထွင်ကြံဆပြီး နည်းလမ်းသစ်များ ရှာဖွေကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်တထောင်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ရန်ကုန်/မန္တလေး မြရော ဈေးသင်္ဘောပေါ်သို့ သွားရောက်ပြီး ဈေးဆိုင်ခန်းများ ခင်းကျင်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျပြေးဆွဲ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က စက်ရှိ၊ စက်မဲ့တွဲယာဉ်များ ပြေးဆွဲမှုအခြေအနေ၊ လျာထားချက်နှင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု အခြေအနေ၊ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးအခြေအနေ၊ လအလိုက် စက်သုံးဆီရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ ရေယာဉ်များ အကြီးစားပြင်ဆင်မှု၊ အသေးစားပြင်ဆင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် နိုင်ငံတော်က အဓိကအားထားရသည့် ဌာနကြီးတစ်ခု ဖြစ်သည်နှင့်အညီ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ကုန်တင်ရေယာဉ် အမြန်လမ်းများကို စနစ်တကျ ပြေးဆွဲရန်လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ သွားရောက်ကြရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးညွန့်အောင်က မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လအလိုက်ဝင်ငွေရရှိမှု အခြေအနေ၊ ရန်ကုန်-လပွတ္တာ ကုန်တင်အမြန်ရေယာဉ် ခရီးလမ်း ပြေးဆွဲမှုအခြေအနေ၊ ခရီးသည်နှင့် ကုန်တန်ချိန်များ တင်ဆောင်ပေးနိုင်မှု အခြေအနေ၊ ကုန်တင်အမြန်ရေယာဉ်အတွက် ကုန်များရှာဖွေပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးတို့ကို အဓိကအထောက်အကူပြုနိုင်မည့် ရန်ကုန်-လပွတ္တာ၊ ရန်ကုန်-ဘိုကလေး ကုန်တင်အမြန်ရေယာဉ် ခရီးလမ်းများကို ပြေးဆွဲနေပြီဖြစ်ကြောင်း၊ ကုန်တင်သူများ၏ ယုံကြည်အားထားမှုကို တည်ဆောက်ကြရန်နှင့် သို့မှသာ ရေရှည်တွင် ကုန်အမြဲတမ်းရရှိရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးကို အာမခံနိုင်မှာဖြစ်ကြောင်း၊ တင်ဆောင်သည့်ကုန်ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုမရှိရေး အထူးဂရုပြုဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေယာဉ် အချိန်မှန်ကန်ရေးကိုလည်း အလေးထားကြရန်နှင့် ခရီးသည်နှင့်ရေယာဉ်များ လုံခြုံစိတ်ချရပြီး ဘေးအန္တရာယ် ကင်းရှင်းစေရေးကိုလည်း အထူးအလေးထား ဂရုပြုဆောင်ရွက်ကြရန် လိုကြောင်းမှာကြားပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ဝင်ရောက်လာသော ဝေပုလ္လ ကုန်တင်အမြန်ရေယာဉ်နှင့် ရန်ကုန်မြို့မှ လပွတ္တာသို့ထွက်ခွာမည့် ဝိဂူရ ကုန်တင် အမြန်ရေယာဉ်ပေါ်သို့ ကုန်များတင်ဆောင်ထားရှိမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း-၄၈)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရုပ်မြင်သံကြားဇာတ်လမ်း **“ချစ်ရမှနေပျော်မှာ” (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-ဒွေး၊ စုလှိုင်နှင်း ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး**



တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် မိသားစု ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၁၉ရက်က သာသနရက္ခိတမ္ဗာရုံ၌ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးဗကို အမှာစကားပြောကြားစဉ်။ (၁၉၂)

ရှင်းလင်း တင်ပြ

မြန်မာ့ကျောက်မျက် ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော် မ တီ ဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အဆိုပါအစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအနေဖြင့် ၂၀၀၆ ခုနှစ်အတွင်း တတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း။

ကွပ်ကဲစီမံ

နိုင်ငံပိုင်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ တူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားကြောင်း၊ မိမိတို့ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအနေဖြင့် ကျောက်စိမ်း၊ ကျောက် မျက်၊ ပုလဲများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်အောင် ကြီးကြပ်ကွပ်ကဲစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အခြေအနေတွင် ကျောက်မျက်ရတနာထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပဝယ်လိုအားများလည်း တိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက်ရော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း။

အလေးအနက်ထား

ကျောက်မျက်နှင့် ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများမှာ အရင်းအနှီးများစွာ စိုက်ထုတ်လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်သည့်အပြင် တောတောင်များအတွင်း ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ချထားပေးရာတွင် ယင်းအချက်ကို အလေးအနက်ထား ထည့်သွင်းစဉ်းစားပြီး လုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း။

တစ်ဖက်ကလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကြာခဏ လမ်းညွှန်မှာကြားသည်နှင့်အညီ ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရအောင် ဂရုပြုထိန်းသိမ်းသွားရန် လိုအပ်သဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ပေးသွားရန် မှာကြားလိုကြောင်း။

အကျိုးအမြတ်

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံရသော ငွေရင်းများ မြန်မြန်ပြန်ရပြီး အကျိုးအမြတ် အမြန်ပေါ်အောင် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်၊ ကျောက်စိမ်းများကို ထုတ်လုပ်ရရှိမှုအပေါ်အခြေခံ၍ အချိန်သတ်မှတ်ချက်မထားဘဲ ပြပွဲများ ခင်းကျင်းပြုလုပ် ရောင်းချပေးသွားရန်ဖြစ်ကြောင်း။

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သယံဇာတပစ္စည်းများဖြစ်၍ ကျောက်မျက်တူးဖော်ထုတ်လုပ်သူများအနေဖြင့် မိမိ အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်းမပြုဘဲ နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် တူးဖော်ထုတ်လုပ်ကြရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ကျောက်မျက်တူးဖော်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့က ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ နှစ်အလိုက် ရောင်းချရရှိငွေအခြေအနေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် တိုးတက်လာမှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူ ဆောင်ရွက်လျက်ရှိသော ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ အခြေအနေနှင့် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော် လုပ်ကိုင်ခွင့်ပြုမှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဦးစီးကော်မတီဝင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သဃ်န်းကျွန်း မူလတန်းလွန်ကျောင်းသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက် ၇ နာရီတွင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၂၉)ကျောင်းခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၂၉)သို့ စာသင်ခုံများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး စာရေးစားပွဲနှင့်ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပြုလွှာလက်ခံ

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးတင့်လွင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၅၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့သွားရောက်၍ စာသင်ခန်းမ(၁)၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်သို့ ဘာသာရပ်ဆိုင်ရာ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်း ပေးအပ်သည့် အသင်းဝင်အဆိုပြုလွှာ ၃၄၇ စောင်ကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ငွေကျပ် ၆၂၀၀၀၀တန်ဖိုးရှိ ဘာသာရပ်ဆိုင်ရာ စာအုပ်များကိုအနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်က လက်ခံသည်။

ယင်းနောက် ဝါဝါဝင်း ဆောက်လုပ်ရေးကုမ္ပဏီက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံသည်။

အခမ်းအနားရုပ်သိမ်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာဒုတိယပါမောက္ခချုပ်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် Biotechnology Lab ခန်းသို့ ဝင်ရောက်၍ သုတေသနလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် အနောက်ပိုင်းတက္ကသိုလ် ပယင်းဆောင်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် အနောက်ပိုင်းတက္ကသိုလ် ဆရာဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ထန်းတပင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တနန္ဒိယ အမှူးပြုသော ပင့်သံဃာငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ အနောက်ပိုင်းတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက ပေးအပ်စဉ်။ (မြို့တော်စည်ပင်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် ခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ဦးမောင်ဖေက အဖွင့်အမှာ စကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ကြီးကြပ်သူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေတ္တညွှန်ကြားရေးမှူး(ပြန်/ဆက်)ဦးသန်းထွန်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ချမှတ်ပေးထားသော ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြရန် စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာစောင်များကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းရေးနှင့် စာအုပ် စာစောင်အသစ်များ တိုးပွားရရှိလာရန် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး၊စာကြည့်တိုက် အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များ၌ ပရိဘောဂပစ္စည်းများ စုံလင်စွာ ရှိလာစေရန် ဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေး စသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်ငါးရပ် လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး(ရုံးချုပ်) ဦးအောင်ငွေနှင့် မန္တလေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းတို့က အလုပ်ရုံ ဆွေးနွေးပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက အဖွဲ့ငါးဖွဲ့ခွဲကာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စာတမ်းများညှိနှိုင်းပြုစုကြပြီး အဖွဲ့ ခေါင်းဆောင်များက ဖတ်ကြားတင်ပြကြသည်။ ထို့နောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ချမှတ်ကာ အလုပ်ရုံ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၈–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သူချစ်ကိုယ်ချစ်မေတ္တာစစ်တရားတော်(အရှင်ဆေကိန္ဒ)(အပိုင်း–၁)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ကလေးတို့အတွက် လက်ဆောင်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာဘောလုံးအသင်း
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	ဖွံ့ဖြိုးစုံစွာ သာကေတစက်မှုဇုန်မှာ
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဧတေနသစ္စ ဝဇ္ဇေန)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	Sunday Talk
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၁၅	**ဘွားချို** (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ–ခင်ဇော်(ကေသီပန်)]
၁၁း၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၀၀	MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Watfod˚–˚West Ham	5-Sports (Live)
၁း၂၅	Tottenham˚–˚Sheffield Untited	5-Series ˚(Live)

မလေးရှားစီးပွားရေး ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရရှိရန်မျှော်မှန်း

ကွာလာလမ်ပူ ဩဂုတ် ၂၁

မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၆–၂၀၂၀ပြည့်နှစ်တာကာလအတွင်း တိုးတက်မှုနှုန်း ၆ဒသမ ၃ရာခိုင်နှုန်း ရရှိစေရန် စီမံကိန်းချမှတ်ထားကြောင်း မလေးရှားအာဏာပိုင်များက ဩဂုတ်၁၈ရက်တွင် ပြောကြားလိုက်သည်။

ထိုသို့ မျှော်မှန်းထားမှုမှာ ပြည်တွင်း စုစုပေါင်း ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)တိုးတက်မှု ၃ဒသမ၅ရာခိုင်နှုန်းအပေါ် အခြေခံပြီး စီမံကိန်းချထားခြင်းဖြစ်ကြောင်း မလေးရှားအစိုးရက ပြောကြားသည်။

အခြေခံအဆောက်အအုံ

မလေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံကဏ္ဍများလည်း အဓိကတိုးတက်မှုရှိမည့် ကဏ္ဍများဖြစ်ကြောင်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

တိုးတက်မှု

မလေးရှားနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရနှင့် ဆက်စပ်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များရရှိရန်လည်း မျှော်မှန်းထားသည်။ မလေးရှားနိုင်ငံအနေဖြင့် ၁၉၉၆–၂၀၀၅ခုနှစ်ကာလ ဒုတိယပင်မ စီးပွားရေးစီမံကိန်းအတွင်း နှစ်စဉ်စီးပွားရေးတိုးတက်မှု ၄ ဒသမ ၆ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၀၆–၂၀၁၀ ကာလစီမံကိန်းတွင် စီးပွားရေးတိုးတက်မှု ၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပြီး ၂၀၁၁–၂၀၂၀ပြည့်နှစ်ကာလအတွင်း နှစ်စဉ်စီးပွားရေးတိုးတက်မှု ၆ဒသမ၅ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း မလေးရှားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အတ္တလန်တစ်အာကာသယာဉ်
နာဆာ အပြီးသတ်ပြင်ဆင်နေ

ကိတ်ကင်နာဗယ် ဩဂုတ် ၂၁

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ မကြာမီလွှတ်တင်ရန် စီစဉ်ထားသော အတ္တလန်တစ် အာကာသယာဉ်အား ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသယာဉ်စခန်း၌ နာဆာဝန်ထမ်းများကအပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

နာဆာမှ အာကာသသိပ္ပံပညာရှင်များအနေဖြင့် အနာဂတ်ကာလတွင် ပေ ၆၀ရှည်သော အာကာသယာဉ်များ တည်ဆောက်နိုင်ရေးကို အတ္တလန်တစ် ဒုံးပျံယာဉ်ပေါ်အခြေခံပြီး တည်ဆောက်ရန် ကြိုးစားလျက်ရှိသည်။

လွှတ်တင်မည်

အတ္တလန်တစ်အာကာသယာဉ်သည် ၂၀၀၃ခုနှစ်က ကိုလံဘီယာယာဉ် ပျက်ကျခဲ့ပြီးနောက် အမေရိကန်ဒေါ်လာ ဘီလီယံ၁၀၀ကုန်ကျခံ တည်ဆောက်ခဲ့သော နိုင်ငံတကာ အာကာသယာဉ်စခန်း ပြန်လည်ပြင်ဆင်ရေးကို အကူအညီပေးမည့် ပထမဆုံး အာကာသယာဉ်ဖြစ်ပြီး ယခုဩဂုတ် ၂၇ရက်၌ အာကာသသို့ လွှတ်တင်မည်ဖြစ်သည်။

ဆုံးဖြတ်

နာဆာအနေဖြင့် အတ္တလန်တစ်အာကာသယာဉ်၏ အဓိကဆက်သွယ်ရေး အင်တင်နာမှ မူလီလေးခုအနက် နှစ်ခုကို အစားထိုး ပြောင်းလဲတပ်ဆင်ရန် ဆုံးဖြတ်ကာ ပြင်ဆင်လျက်ရှိသည်။

ပြောင်းလဲနိုင်

ထိုသို့ပြင်ဆင်မှု မပြုလုပ်ပါက အာကာသယာဉ် အနေအထား ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။
အမ်အင်အေ၊ရိုက်တာ

မသန့်ရှင်းသောရေများ သောက်သုံးမှုကြောင့် မွမ်ဘိုင်းမြို့၌ လူငါးထောင်ခန့် နာမကျန်းဖြစ်

မွမ်ဘိုင်း ဩဂုတ် ၂၁

အာရေဘီယန် ပင်လယ်အတွင်းမှ မသန့်ရှင်းသောရေများကို သောက်သုံးမိခဲ့သည့် ထောင်ပေါင်းများစွာသော အိန္ဒိယနိုင်ငံသားများ နေမကောင်းခြင်း၊ ပို့အန်ခြင်းများ ဖြစ်ခဲ့ကြရကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ဩဂုတ်၁၉ရက်တွင် ပြောကြားလိုက်သည်။

နေထိုင်မကောင်း

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လူ၅၀၀၀ခန့်ထက်မနည်း နေထိုင်မကောင်းဖြစ်ခဲ့ရကြောင်း၊ အချို့မှာ အုန်းရည်များနှင့် အဆိုပါရေများကို သောက်သုံးခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါရေများမှာ အာရေဘီယန် ပင်လယ်အတွင်း စီးဝင်သည့် ချောင်းလက်တက်တစ်ခုမှ ရေများဖြစ်ပြီး ယင်းချောင်းလက်တက်မှာလည်း စက်ရုံအလုပ်ရုံများမှထွက်ရှိလာသော မသန့်ရှင်းသည့်ရေများနှင့် ရောပြွမ်းလျက်ရှိနေသည့်ရေများဖြစ်သည်။ ထိုမသန့်ရှင်းသောရေများကို အိုးများ၊ ပုလင်းများ၊ ဘူးများဖြင့် သယ်ဆောင်ကာ မိသားစုဝင်များက သောက်သုံးရေအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြုလုပ်သော နိုင်ငံတကာ စွန်လွှတ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟစ်ဇ်ဘိုလာ စခန်းတစ်ခုအား အစ္စရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်

ဂျေရုဆလင် ဩဂုတ် ၂၁

ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးတိုက်ခိုက်မှုအဖြစ် လက်ဘနွန်နိုင်ငံအရှေ့ပိုင်းတွင် ဟစ်ဇ်ဘိုလာတို့၏ အခိုင်အမာစခန်းတစ်ခုကို ဩဂုတ်၁၉ရက်က အစ္စရေးတပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းခဲ့မှုတွင် အစ္စရေးစစ်ဘက်အရာရှိတစ်ဦးသေဆုံးခဲ့ရပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း အနည်းအကျဉ်းသာ ဒဏ်ရာရရှိကြောင်း၊ သို့သော် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

အဆိုပါတပ်ဖွဲ့ဝင်များကို အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ဟိုင်ဖာမြို့ ရမ်ဘမ်ဆေးရုံသို့ တင်ပို့ထားကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

စီးနင်း

အစ္စရေးကွန်မန်ဒိုများသည် လက်ဘနွန်နိုင်ငံအရှေ့ပိုင်း ဘိုဒိုင်ကျေးရွာအနီး ဟစ်ဇ်ဘိုလာတို့၏ အခိုင်အမာစခန်းတစ်ခုကို ဩဂုတ် ၁၉ရက်က ဝင်ရောက်စီးနင်းခဲ့ကြသည်။

ထိုသို့စီးနင်းတိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားသုံးဦး သေဆုံးကြောင်းလည်း ပင်အာရပ်အယ်ဂျာဇီရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကာကွယ်တားဆီး

ယခုကဲ့သို့ အစ္စရေးတပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်မှုမှာ အီရန်နှင့် ဆီးရီးယားတို့မှ ဟစ်ဇ်ဘိုလာတို့ထံ လက်နက်ပစ္စည်းများ ထောက်ပံ့ပေးကမ်းမှုများအား ကာကွယ်တားဆီးနိုင်ရေးအတွက်ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ၌ ရေကြီး၊ မြေပြိုမှုများဖြစ်ပွား

ဟန်နွိုင်း ဩဂုတ် ၂၁

ဗီယက်နမ်နိုင်ငံ၌ သီတင်းတစ်ပတ်ကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဩဂုတ် ၁၈ရက်က ရေကြီးခြင်း၊မြေပြိုခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ၁၅ဦးသေဆုံးကာ သေဆုံးသူစုစုပေါင်း၄၂ဦးအထိရှိလာကြောင်း၊ တစ်ဦးပျောက်ဆုံးနေကြောင်း ဩဂုတ် ၂၀ရက်က သတင်းများတွင် ဖော်ပြသည်။

ပြောင်းရွှေ့

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း၌ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခဲ့၍ လူထောင်ပေါင်းများစွာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ခဲ့ကြရသည်။

ယင်း မြောက်ပိုင်းဒေသသည် ဗီယက်နမ်နိုင်ငံ၏ ဆန်အဓိကထွက်ရှိရာ ဒေသဖြစ်သည်။ သို့ရာတွင် တောင်ပိုင်း မဲခေါင်မြစ်ဝှမ်းဒေသများတွင်လည်း လာမည့်ရက်များအတွင်း မိုးပိုမိုလာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်ကို နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။
အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ ကာချေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၁၉ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မက္ကဆီကို၌ ရစ်ချ်တာစကေး ၅ဒသမ၅ရှိ ငလျင်လှုပ်

မက္ကဆီကိုစီးတီး ဩဂုတ် ၂၁

မက္ကဆီကိုနိုင်ငံပေါ်တူကို သဘာဝအပန်းဖြေကမ်းခြေအနီးတွင် ဩဂုတ် ၁၉ရက် နံနက်ပိုင်းက အင်အားအသင့်တင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း၊ ငလျင်လှုပ်မှုကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း မက္ကဆီကိုနိုင်ငံမှ ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါမြေငလျင်သည် ရစ်ချ်တာစကေး ၅ဒသမ ၅ရှိပြီး မက္ကဆီကိုစီးတီးမြို့၏ အနောက်မြောက်ဘက် မိုင် ၂၁၀ခန့်အကွာကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ အမျိုးသားငလျင်ဆိုင်ရာဌာနက ပြောကြားသည်။

မှတ်တမ်းရှိ

ပြီးခဲ့သည့်သီတင်းပတ်ကလည်း မက္ကဆီကိုစီးတီးမြို့တွင် အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်သွားကြောင်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။ သို့ရာတွင် မက္ကဆီကိုနိုင်ငံ၌ ၁၉၈၅ခုနှစ်ကလှုပ်ခဲ့သော ငလျင်ကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရဖူးသော မှတ်တမ်းရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်မည့် ပြင်သစ်တပ်ဖွဲ့ဝင်များ လက်ဘနွန်နိုင်ငံ နာကွာရာမြို့သို့ ရောက်ရှိလာသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်တပ်ဖွဲ့ဝင် ၅၀ လက်ဘနွန်သို့ ရောက်ရှိ

ဘေရွတ် ဩဂုတ် ၂၁

လက်ဘနွန်နိုင်ငံတောင်ပိုင်း အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ဒေသ၌ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်ရန် ပြင်သစ်တပ်ဖွဲ့ဝင် ၅၀ ဩဂုတ် ၁၉ ရက်၌ လက်ဘနွန်သို့ ရောက်ရှိလာသည်။

ပြင်သစ်သည် လက်ဘနွန်နိုင်ငံတွင် ပထမဆုံး ရောက်ရှိလာသော တပ်ဖွဲ့ဝင်များဖြစ်ပြီး လာမည့်သီတင်းပတ်အတွင်း ပြင်သစ်တပ်ဖွဲ့ဝင် ၂၀၀ ကျော် ထပ်မံရောက်ရှိလာမည် ဖြစ်ကြောင်းသိရသည်။

ရောက်ရှိ

ထိုပြင်သစ် တပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံသို့ စစ်သင်္ဘော ဖြင့် ရောက်ရှိလာပြီး ပြင်သစ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြင်သစ်စစ်ဘက်သုံး မော်တော်ယာဉ်စီးရေ ၁၀၀တို့လာမည့် ဩဂုတ် ၂၄ရက်၌ ဘေရွတ်မြို့သို့မဟုတ် နာကွာရာမြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။

ဆော်ဩ

လက်ဘနွန်တောင်ပိုင်းတွင် ဖြန့်ချရန်အတွက် နိုင်ငံတကာမှ တပ်ဖွဲ့ဝင်များအနေဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အလျင်အမြန် ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဆော်ဩလိုက်သည်။

ကုလသမဂ္ဂအနေဖြင့် နိုင်ငံတကာမှ တပ်ဖွဲ့ဝင် ၃၅၀၀ကို ဩဂုတ် ၂၈ ရက်တွင် အပြီးဖြန့်ချရန် လိုလားလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်တွင် တိုက်ခိုက်ခံရမှု ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

လန်ဒန် ဩဂုတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန် လက်နက်ကိုင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှစစ်ဘက်က ဩဂုတ် ၂၀ရက်၌ ပြောကြားသည်။

ယခုဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မင့်ပြည်နယ်တွင် ဖြစ်ပြီး ဒဏ်ရာရရှိသူ ဗြိတိသျှတပ်ဖွဲ့ဝင် သုံးဦးမှာ ဒဏ်ရာအနည်းငယ်သာ ရရှိခြင်းဖြစ်သည်။

တိုက်ခိုက်မှုအများဆုံး

အာဖဂန်နစ္စတန်တွင် ၂၀၀၁ခုနှစ်မှစတင်ကာ ယနေ့အထိ သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်မှာ ၂၀ဦးရှိပြီ ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းသည် တိုက်ခိုက်မှုအများဆုံးဖြစ်ပွားရာဒေသလည်း ဖြစ်သည်။

အာဖဂန်နစ္စတန်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၄၅၀၀ခန့်ရှိနေပြီး အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၃၃၀၀ဖြန့်ချထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ၏ (၈၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပ

ကဘူးလ် ဩဂုတ် ၂၁

အာဖဂန်ပြည်သူများသည် ဩဂုတ် ၁၉ ရက်က (၈၇)နှစ်ပြည့်မြောက်သည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို လုံခြုံရေးတင်းကျပ်လျက် ကျင်းပခဲ့သည်။

အာဖဂန်တပ်များက ဗြိတိသျှတို့နှင့် စစ်ပွဲသုံးကြိမ်တိုင် ဖြစ်ပွားပြီးနောက် အာဖဂန်တို့က ဗြိတိသျှတပ်များကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့၍ ၁၉၁၉ ခုနှစ်တွင် ဩဂုတ် ၁၉ရက်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။

အာဖဂန် ယောကျ်ားလေးများနှင့် မိန်းကလေးများအား နိုင်ငံ၏ လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရေးနှင့် တိုးတက်စေရန်အတွက် သမ္မတကာဇိုင်းက ဩဂုတ် ၁၉ ရက်က ကဘူးလ်မြို့ အားကစားကွင်းကြီး၌ ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆော်ဩလိုက်သည်။

အဓိကအချက်

ရဲရဲတောက် စိတ်ဓာတ်နှင့် အသိပညာရှိမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ကာကွယ်ရေးနှင့်သာယာဝပြောရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အဓိကအချက်များ ဖြစ်ကြောင်း သမ္မတကာဇိုင်းက မိန့်ခွန်း၌ ထည့်သွင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟောင်ကောင်နှင့်ဂျပန်ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက် မူးယစ်ဆေးဝါး ၁၄ကီလို ဖမ်းဆီးရမိ

ဟောင်ကောင် ဩဂုတ် ၂၁

ဂျပန်နှင့် ဟောင်ကောင်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဟောင်ကောင် ဒေါ်လာ ၂၀ဒသမ ၃သန်းဖိုးခန့်ရှိ မူးယစ်ဆေးဝါး ၁၄ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း ဟောင်ကောင် ရဲတပ်ဖွဲ့က ဩဂုတ် ၁၈ရက်က ပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုကူးမှုကို စောင့်ကြည့်ရန် ဂျပန်နိုင်ငံတွင် ဇူလိုင်လကတည်းက သီးခြား မူးယစ်ဆေးဝါးတားဆီးရေးအဖွဲ့တစ်ဖွဲ့ ထားရှိတာဝန်ပေးခဲ့သည်။

သတင်းပေးပို့ခဲ့

ထိုမူးယစ်အဖွဲ့၏အရာရှိက ဩဂုတ်၁၆ရက်တွင် ဟောင်ကောင်မှ တိုကျိုပျံသန်းသည့်လေယာဉ်၌ သံသယရှိသူ ခြောက်ဦးကို တွေ့ရှိခဲ့ကြောင်း ဂျပန်ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ခဲ့သည်။

တိုကျိုမြို့ နရီတာလေဆိပ်တွင် မူးယစ်ဆေးဝါး အထုပ်ငယ်လေးထုပ်နှင့်အတူ သံသယရှိသူတို့ကို ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ဒူးရင်းသီးကိတ်

ကမ္ဘာ့အရှည်ဆုံး ဒူးရင်းသီးကိတ်မုန့်ရှည်များကို တွေ့ရစဉ်။ (ဝဲပုံ)

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဒါဗာရိုစီးတီးမြို့တွင် ကောလိပ်ကျောင်းသူများက ဒူးရင်းသီးများဖြင့် ပြုလုပ်သော အရှည်မီတာ ၅၀၀ရှိကိတ်မုန့်ရှည်များသည် ကမ္ဘာ့အရှည်ဆုံး ဒူးရင်းသီးကိတ်မုန့်များ ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

ရေထဲ၌မီးတုတ်ဖြင့် စွမ်းရည်ပြသူ

ရေထဲတွင် မီးတုတ်ဖြင့် စွမ်းရည်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် မြို့တော်ဝူဟန်တွင် တရုတ်အမျိုးသားတစ်ဦးက မီးတုတ်နှစ်ခုကို လက်တွင်ကိုင်ဆောင်ပြီး ရေကူးပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အင်ဂိုလာတွင် ဝမ်းရောဂါကြောင့် ၂၁၆၇ ဦး သေဆုံး

လူအန်ဒါ ဩဂုတ် ၂၁

အင်ဂိုလာနိုင်ငံ ပြည်နယ် ၁၈ခုတွင် ဝမ်းရောဂါဖြစ်ပွားခဲ့ရာ ယခုနှစ်ပထမခြောက်လ၌ ဝမ်းရောဂါဖြစ်ပွားသူ ၅၂၇၀၀ရှိခဲ့ပြီး သေဆုံးသူ ၂၁၆၇ဦးရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန်လိုက်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဝမ်းရောဂါဖြစ်ပွားမှု ၄၁ ခုဖြစ်ပွားခဲ့ရာမှ သုံးဦးသေဆုံးခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုက ဩဂုတ် ၁၈ ရက်၌ ပြောကြားသည်။

သေဆုံးမှုမြင့်မားခဲ့

အင်ဂိုလာနိုင်ငံတွင် ဝမ်းရောဂါကြောင့်သေဆုံးမှုမှာ ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ တဖြည်းဖြည်းမြင့်မားခဲ့ကြောင်း၊ ဘင်ဂွီလာပြည်နယ်တွင် ၅၂၃ ဦး၊ လူအန်ဒါပြည်နယ်၌ ၃၀၅ ဦး၊ ကဝမ်ဇာဆူလ်ပြည်နယ်တွင် ၂၅၉ဦး၊ လွန်ဒါနော့တီပြည်နယ်၌ ၂၄၅ ဦးနှင့် မာလန်ဂျီပြည်နယ်တွင် ၂၃၅ ဦး သေဆုံးခဲ့သည်ဟု ဒဗလျူအိတ်ချ်အိုက ထုတ်ပြန်သော စာရင်း ဇယားများ၌ ဖော်ပြသည်။

အင်ဂိုလာနိုင်ငံတွင် သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ဖြစ်ပွားသော ရောဂါများမှာ အများဆုံးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်္ဂပူမြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးကျင်းပ တက္ကသိုလ်စာမေးပွဲ၌ ထူးချွန်အောင်မြင်သူများအား ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အင်္ဂပူမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ ၅၅ ဦးတို့အား ဆုငွေကျပ် ၁၀သိန်း နှစ်သောင်းကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အင်္ဂပူမြို့နယ်ရှိ လူမှုရေးကူညီမှု အသင်းသို့ အလှူငွေ ကျပ်ခုနစ်သိန်းကို လည်းကောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မဲဇလီကုန်းမြို့ရှိ ဗိုလ်အောင်ကျော်ခန်းမဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ခန်းမဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးက ခန်းမဆောက်လုပ်မှုလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးတင်ဝင်းက အသင်းဝင် အဆိုပြုလွှာ ၃၇၇စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံ၍ မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဗိုလ်အောင်ကျော်ခန်းမသည် အလျားပေ ၁၂၀၊ အနံ ၄၈ ပေရှိပြီး စုစုပေါင်းငွေကျပ်သိန်း ၅၅၀ ကုန်ကျပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မမျိုးအိအိထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဓောင်းတန်းကျေးရွာတွဲဖက် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိ၍ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျေးလက် ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးသန်းရွှေက ကျောင်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အသိအမှတ်ပြုလွှာ ၄၄၇ စောင်ကို ကျောင်းသား ကျောင်းသူများအားပေးအပ်ပြီး ဗဟိုအလုပ် အမှုဆောင်က ကျောင်းရန်ပုံငွေအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဗဟို အလုပ်အမှုဆောင်သည် ဩဂုတ် ၂၀ ရက်တွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာခန်းမ၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အင်္ဂပူမြို့နယ်မှ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေကျပ် လေးဆယ့်သုံးသိန်းငါးသောင်းကို ပေးအပ်ကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းသို့ ဆုချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ လုပ်ငန်းရှင် ဦးတင်မောင် လှူဒါန်းသော အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀၊ အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာရေးရန်ပုံငွေအတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်သည်။

လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ထန်းပင်ကုန်းအခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက စာရေးစားပွဲခုံနှင့် အလှူငွေကျပ်၂၂သိန်း၊ မြေလေးဧကတို့ကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းအကျိုးတော်ဆောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကေဝယ်ယူရန်အတွက် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပုညဝမုနကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိကနှင့် တပည့်ဒါယကာ ဒါယိကာမများ၊ ဒေါ်မာမာသိန်းထွန်း(စာရင်းစစ်ရုံး)နှင့် ဓမ္မမိတ်ဆွေ ခုနစ်ရက်သားသမီးများစုပေါင်းကာ မော်ကျွန်းမြို့မှ အလှူတော်ငွေကျပ် သုံးသိန်းတစ်သောင်းငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုနန္ဒ(လုမ္ဗိနီ)၊ အမှုဆောင် ဆရာတော် အရှင်ဇောတိက(သာသနဓဇ ဓမ္မာစရိယ)ရှေ့မှောက်၌ တာဝန်ခံ ကိုမျိုး(ဗုဒ္ဓဂယာ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကေဝယ်ယူရန်အတွက် မွန်ပြည်နယ် မော်လမြိုင်နေ ဒေါ်နှင်းမြိုင် အသက်(၉၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးမြစ်သားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော်၊ အမှုဆောင် ဆရာတော် အရှင်အာစိဏ္ဏ(သာသနဓဇ ဓမ္မာစရိယ)ထံဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

အင်္ဂါဂြိုဟ်ရေခဲလွှာကို ထိုးဖောက်ပန်းထွက်နေသော သဲနှင့်အမှုန်များတွေ့ရှိ

အင်္ဂါဂြိုဟ်ပေါ်တွင် ရေခဲတမျှ အေးမြသော သဲနှင့်အမှုန်များ ပန်းထွက်နေသည့် နေရာအများအပြားကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အင်္ဂါဂြိုဟ်အထက် ဟင်းလင်းပြင်သို့ အမြင့်ပေ ရာပေါင်းများစွာအထိရောက်အောင် ပန်းထွက်နေမှုကို တွေ့မြင်ရကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။ **(အောက်ပုံ)**

ပြောကြား

ထိုသို့ ရှာဖွေတွေ့ရှိခြင်းမှာ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်တွင်တပ်ဆင်ထားသော ကင်မရာတစ်ခုမှ မြေပြင်စခန်းသို့ရိုက်ကူးပေးသော ဓာတ်ပုံတွင် ဖော်ပြထားခြင်းဖြစ်သည်။ ယခုဓာတ်ပုံတွင်ဖော်ပြထားခြင်းအရ အဆိုပါနေရာသည် အင်္ဂါဂြိုဟ်၏ တောင်ဘက်ဝင်ရိုးစွန်း၌ဖြစ်ပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ရေခဲလွှာများကို ဖောက်ခွဲထွက်ရှိခြင်းဖြစ်ကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုသို့ ရေခဲလွှာများအား ဖောက်ခွဲထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်များပါဝင်သည့်အမှုန်များ ပန်းထွက်မှုအရှိန်မှာ တစ်နာရီလျှင်မိုင် ၁၀၀ နှုန်းခန့်ရှိကြောင်း အရီဇိုးနားပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထုတ်ပြန်

ယခုထုတ်ပြန်လိုက်သည့် ဓာတ်ပုံကို အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်တွင် တပ်ဆင်ထားသော အပူစွမ်းအင်ထုတ်လွှတ်မှုစနစ်သုံး ကင်မရာမှရိုက်ကူးထားခြင်းဖြစ်ပြီး ထိုကင်မရာသည် အင်္ဂါဂြိုဟ်မျက်နှာပြင် ထူးခြားသောဖြစ်စဉ်များကိုသာ သီးခြားမှတ်တမ်းတင်ရိုက်ကူးထုတ်ပြန်သည့် ကင်မရာဖြစ်သည်။

အချို့သော ပန်းထွက်နေမှုပုံသဏ္ဌာန်မှာ ယပ်တောင်များကဲ့သို့ ဖြစ်နေပြီး၊ အချို့မှာ ပင့်ကူတစ်ကောင်ပုံစံ ဖြစ်နေကြောင်း၊ ရေခဲပြင်ကဲ့သို့ဖြစ်နေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုးဖောက်ထွက်

အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် အတွင်းပိုင်းတွင် အလွန်ဖိအားများသော ဓာတ်ငွေ့များ ဖြစ်တည်လျက်ရှိရာ နေအလင်းရောင်ကဲ့သို့သော အပူငွေ့များ ရိုက်ခတ်လိုက်သည့်အခါ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များက အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ဖုံးအုပ်လျက်ရှိသော ရေခဲလွှာများအား ထိုးဖောက်ထွက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ယခုကဲ့သို့ အင်္ဂါဂြိုဟ်ပေါ်တွင်ဖြစ်နေသည့် မြင်ကွင်းမှာ မြေကမ္ဘာတွင်ဖြစ်ပေါ်တတ်သည့် ပုံသဏ္ဌာန်များနှင့်မတူကြောင်း အာကာသသုတေသန သိပ္ပံပညာရှင် ဒေါက်တာဖီလ်ခရစ်စတင်းက ပြောဆိုသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ခုခံအားကို အိပ်ချ်အိုင်ဗွီပိုး မဖျက်ဆီးရန် သုတေသီများနည်းလမ်းရှာဖွေတွေ့ရှိပြီ



အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးကူးစက်မှုအား ခန္ဓာကိုယ်က သဘာဝအလျောက်မည်သို့ ခုခံနိုင်သည့်နည်းလမ်းကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိပြီဟု သိရသည်။

အိပ်ချ်အိုင်ဗွီပိုးကို တိုက်ဖျက်ရန် ခန္ဓာကိုယ်က စေလွှတ်လိုက်သည့် တီကလာပ်စည်းများကို ခုခံစွမ်းအားကင်းမဲ့သွားစေရန် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးက အဆိုပါကလာပ်စည်းများပေါ်သို့ မော်လီကျူးတစ်ခုဖြင့် ရိုက်ချဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်ကြောင်း။

ထိုသို့မဖြစ်စေရန် ဓာတ်ခွဲခန်းအတွင်းတွင် သုတေသီများက တားဆီးနိုင်ပြီး တီ-ကလာပ်စည်းများ၏ လုပ်ငန်းများပုံမှန်လည်ပတ်စေရေးအတွက် ထိန်းသိမ်းထားနိုင်သည်ဟု အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် ဆေးရုံမှ သုတေသနပညာရှင်များ ခေါင်းဆောင် ဘရစ်ဝါးကားက ပြောဆိုသည်။ (ကိုးကား-အင်တာနက်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ညောင်ဦးမြို့နယ် ငါ့သရောက်ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

■ ကျောဖုံးမှ

ပုဂံ–ညောင်ဦးမြို့နယ်မှာ ဧရာဝတီမြစ်ကမ်းနှင့် တစ်ဆက်တစ်စပ်တည်းရှိသော်လည်း ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေတို့အရ စိုက်ပျိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု မရှိသည့်အပြင် ပူပြင်းသည့်နွေရာသီများတွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေ အခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသည်ကို နိုင်ငံတော်ကဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များကို နည်းလမ်းများရှာကြံဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပထမဦးစွာ ငါ့သရောက် မြစ်ရေတင် စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ပေးထားသည့် ငါ့သရောက်မြစ်ရေတင်လုပ်ငန်းကို ရေကူဖြည့်တင်းပေးနိုင်ရေးနှင့် စိုက်ပျိုးမြေ ဧရိယာများ ထပ်မံပေါ်ပေါက်လာစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးခဲ့သည့် ဤငါ့သရောက် ရေလှောင်တမံမှာ နိုင်ငံတော်၏ ၁၈၈ ခုမြောက် တမံတစ်ခု ဖြစ်သကဲ့သို့ မန္တလေးတိုင်း အနေဖြင့်လည်း ၄၈ခုမြောက် ပေါ်ပေါက်သည့် တမံတစ်ခု ဖြစ်ကြောင်း။

ရာသီမရွေးစိုက်ပျိုးနိုင်

မန္တလေးတိုင်း အနေဖြင့်ဆိုလျှင်လည်း ယခုဖွင့်လှစ်သည့် ငါ့သရောက် ရေလှောင်တမံအပါအဝင် မြေဧရိယာ စုစုပေါင်း ၇၂၃၁၈၈ဧကခန့်ကို ဆည်ရေဖြင့် ရာသီမရွေး စိုက်ပျိုးသွားနိုင်တော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်က ဦးတည်ချက်ချမှတ်ထားသည့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဦးတည်ချက်ကို အောင်မြင်စေရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေတိုးပွားမှုကို အဓိကအထောက်အကူပြုမည့် စပါးပိုမိုထွက်ရှိရေးအတွက် မန္တလေးတိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်မှစပြီး သုံးနှစ်တာ နှစ်တိုကာလအတွင်း မိုးစပါးကိုဧက၁၀သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဒုတိယနှစ်ဖြစ်သည့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၈၄၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် ယခု ၂၀၀၆–၂၀၀၇ခုနှစ်တွင် စီမံကိန်းလျာထားဧကအားလုံး အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း စီစဉ်ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ လက်ရှိ မန္တလေးတိုင်းအတွင်း မိုးစပါး၇၂၃၂၃၈ ဧကခန့်အထိ စိုက်ပျိုးထားပြီးဖြစ်ခြင်းကြောင့် ယခုဖွင့်လှစ်သည့် ငါ့သရောက်တမံမှ အကျိုးပြုမည့် မြေဧရိယာများကိုပါ ထည့်သွင်းတွက်ချက်ပါက မိမိတို့တိုင်း၏ စီမံချက်မှာ မလွဲမသွေအောင်မြင်မှုရရှိမည်ဖြစ်သည့်အတွက် ယခုတက်ရောက်လာကြသော တောင်သူလယ်သမားကြီးများနှင့်ဒေသခံပြည်သူများသာမက မန္တလေးတိုင်း တစ်တိုင်းလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါကြောင်းကို ပြောကြားလိုကြောင်း။

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အပိုင်းက ဒေသ၏ ရေမြေ သဘာဝနှင့် ကိုက်ညီသည့် ရေလှောင်တမံများ၊ ရေထိန်းတမံများ၊ ရေလွှဲဆည်များနှင့် ရေသွယ်/ရေပေးတူးမြောင်းများကို စဉ်ဆက်မပြတ် လမ်းညွှန် ဆောင်ရွက်ပေးမှုများကြောင့် ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူမှုရေးကဏ္ဍကိုသာမက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင် ကဏ္ဍကိုပါ တစ်ထောင့်တစ်နေရာမှ အထောက်အကူ ပြုပေးနေသည်ကို နားလည်သဘောပေါက်ပြီး စေတနာကို တုံ့ပြန်သောအနေဖြင့် စီမံကိန်းသီးနှံများအပြင် မိမိတို့ဒေသ၏ရေမြေသဘာဝနှင့် ကိုက်ညီသည့်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးသွားကြပါ၊ တစ်ဖက်မှလည်း မိမိတို့ဒေသအတွင်း ပေါ်ပေါက်လာသည့် ငါ့သရောက်ရေလှောင်တမံ၏ ရေဝေရေလဲဧရိယာ အတွင်းမှာရှိသည့် သစ်ပင်သစ်တောများ ပျက်စီးဆုံးရှုံးမှု မရှိအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါ။ **နိုင်ငံတော်မှ အလေးအနက် စေတနာနှင့် အကောင်အထည်ဖော်ပေးထားသည့် ဆည်မြောင်းတာတမံများကို မိမိတို့၏ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမွေပေးနိုင်ရေးအတွက် တာတမံနှင့် တူးမြောင်းဥပဒေကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြပါ** ဟု အထူးမှာကြားလို ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် ငါ့သရောက်ရေလှောင်တမံကို ငါ့သရောက်မြစ်ရေတင်စီမံကိန်း၊ ကျောက်တူးမြစ်ရေတင်စီမံကိန်း၊ လက်ပန်–ခြေပေါ် မြစ်ရေတင်စီမံကိန်း၊ လောကနန္ဒာမြစ်ရေတင်စီမံကိန်း၊ မြကန်ရေလှောင်တမံတို့နှင့် ဆက်စပ်ပြီး ညောင်ဦးခရိုင် ရေရရှိရေးစီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤရေလှောင်တမံ တည်ရှိလာပြီဖြစ်သည့်အတွက် ပူပြင်းခြောက်သွေ့သော သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်လာစေမှာ ဖြစ်သည့်အတွက် ရေမြေအနေအထားကောင်းများအဖြစ် ပြောင်းလဲလာတော့မှာဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာမြေများကိုလည်း စိုက်ပျိုးရေပေးဝေနိုင်တော့မှာ ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် သောက်သုံးရေ ရရှိရေးကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အဆင့်အတန်းကို တိုးမြှင့်လာစေမှာဖြစ်သည့်အတွက် ဒေသခံတောင်သူကြီးများအပါအဝင် နယ်မြေလူထုတစ်ရပ်လုံးနှင့်ထပ်တူ ဝမ်းသာပီတိ ဖြစ်မိကြောင်း။

အကျိုးခံစား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ နိုင်ငံအနှံ့ စိုက်ပျိုးရေရရှိရေး စီမံကိန်းအစီအမံများ ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ပေးလျက်ရှိခြင်းကြောင့် တစ်နိုင်ငံလုံးတွင် ဆည်ရေသောက် လယ်ယာမြေများနှင့် ရေဘေးကာကွယ်ရေး ဧရိယာများ တိုးတက်အကျိုးခံစားနေရပြီဖြစ်ကြောင်း၊ ယခုချိန်တွင် ဆည်ရေလှောင်တမံနှင့် ရေထိန်းတံခါး စီမံကိန်းပေါင်း ၁၈၈ခုကြောင့် တိုးတက်အကျိုးခံစားရသည့် လယ်ယာမြေ ဧကမှာ နှစ်သန်းခြောက်သိန်းကျော်ပြီ ဖြစ်ကြောင်း၊ ထို့ပြင် ယခင်က မရှိခဲ့ဖူးသည့် မြင်ရေတင်စီမံကိန်းလုပ်ငန်း ၂၉၃ခု တိုးတက်ဖြစ်ထွန်းလာမှုကလည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြု ပေးနေသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အကျိုးဖြစ်ထွန်းစေကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် လယ်ယာမြေ ရေဘေးကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာပြီဖြစ်ကြောင်း၊ စုစုပေါင်း ရေသွင်းစိုက်ဧရိယာသည် ၁၉၈၈–၈၉ ခုနှစ်က ဧက ၂ဒသမ၈၉သန်းသာ ရှိခဲ့ရာက ယခုဆိုလျှင် ဧက၇ဒသမ၃သန်းကျော် ရှိလာပြီဖြစ်ကြောင်း။

အထွက်နှုန်းတိုးတက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်ရရှိပြီး လူမှုစီးပွားရေး မြင့်မားလာရေးကို အစဉ်တစိုက် ရှေးရှုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေ ရရှိရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံအလိုက် တစ်ဧကအထွက်နှုန်းများကိုလည်း တိုးတက်လာအောင် ကူညီအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံ အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်လာသည်နှင့်အမျှ တောင်သူများ၏ သီးနှံထွက်ကုန်များမှ ဝင်ငွေမှာလည်း မြင့်မားလာမည်ဖြစ်သည့်အတွက် အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနက ဖော်ထုတ်သည့် အထွက်ကောင်းစပါးမျိုးသစ်များ၊ ပြည်နယ်၊ တိုင်းများက စပါးစိုက်ပျိုးရန် ရေမြေနှင့်ကိုက်ညီနှစ်သက်သော စပါးမျိုးသစ်များ ဖော်ထုတ်စိုက်ပျိုးနိုင်ရေးကို စီမံအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း တစ်ဧက တင်းတစ်ရာကျော်ထွက်သည့် ဆင်းသွယ်လတ်စပါးမျိုးအပါအဝင် အထွက်ကောင်းမျိုး ပြောင်းလဲ စိုက်ပျိုးလာနိုင်မှုမှာ စုစုပေါင်းမိုးစပါးစိုက်ဧက ၁၅သန်းတွင် ၆၁ရာခိုင်နှုန်းထိ မျိုးပြောင်းလဲစိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ တစ်ဖက်၌လည်း စိုက်ပျိုးရေးနည်းပညာများ ပြောင်းလဲစေပြီး တစ်ဧကအပင်ဦးရေပြည့်မီစိုက်ပျိုးနိုင်အောင် နည်းလမ်းများ ပြသဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် အထွက်နှုန်း တိုးတက်လာမှုများ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် တောင်သူလယ်သမားများ ပိုမိုအကျိုးခံစားရအောင် အဓိကကျသည့်သီးနှံများ အထွက်နှုန်းများ တိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စပါးသီးနှံအနေဖြင့် ယခင် ၁၉၈၈–၈၉ခုနှစ်က တစ်နိုင်ငံလုံး တစ်ဧကပျမ်းမျှ ၅၆ဒသမ၄တင်း ထွက်ရှိခဲ့ရာက ယခုဆိုလျှင် တစ်ဧကတင်း ၁၀၀ကျော် ထွက်ရှိနေသည့် စိုက်ခင်းများကြောင့် ပျမ်းမျှ ၇၂ဒသမ ၅၇တင်းထိ တိုးတက်ထွက်ရှိနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ ၂၀၀၅–၂၀၀၆ခုနှစ် စပါးစိုက်ပျိုး ထုတ်လုပ်မှုမှာ တင်းသန်းပေါင်း ၁၃၀၀ကျော်ရှိလာပြီဖြစ်ကြောင်း။

ဖြစ်ထွန်းအောင်စိုက်ပျိုး

ယခုအချိန်မှာ ဇီဝလောင်စာဆီ ထုတ်လုပ်သုံးစွဲနိုင်သည့် ခြံစည်းရိုးကြက်ဆူကိုစိုက်ပျိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အားပေးကူညီစိုက်ပျိုးလျက်ရှိကြောင်း၊ ခြံစည်းရိုးကြက်ဆူမှာ နေရာဒေသမရွေး၊ မြေအမျိုးအစားမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် စက်ကိရိယာသုံးစွဲမှုအတွက် လိုအပ်မည့် စက်သုံးဆီများကို ဖြည့်ဆည်း ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသလျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ကိရိယာများတွင်လည်း စက်မောင်းဆီအဖြစ်ပါ အသုံးချနိုင်မှာဖြစ်ကြောင်း၊ တန်ဖိုးရှိသော သီးနှံဖြစ်သည့်အတွက် အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုးကြဖို့ကိုလည်း မှာကြားလိုကြောင်း။

ငါ့သရောက် ရေလှောင်တမံ တည်ရှိသည့် နယ်မြေ၏ကျေးရွာအုပ်စုသုံးခုမှာ မူလက ပထမတစ်သီး မိုးမြေပဲဧက ၁၀၀၀၊ မိုးလယ်တွင် နှမ်းကို ဧက၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုဆိုလျှင် ရေလှောင်တမံက ရရှိလာမည့် ရေနှင့်ပထမတစ်သီး မိုးပဲတီစိမ်း ဧက၂၀၀၀၊ ဒုတိယတစ်သီး မိုးစပါး ဧက၅၀နှင့် မြေပဲဧက၁၉၅၀ စုစုပေါင်းသီးနှံစိုက် ဧက ၄၀၀၀အထိ စိုက်ပျိုးနိုင်တော့မှာဖြစ်ကြောင်း၊ မူလဧက ၂၀၀၀တွင် စုစုပေါင်းသီးနှံစိုက်ဧကကို နှစ်ဆတိုးပြီး စိုက်ပျိုးလာနိုင်တော့မှာ ဖြစ်သည့်အတွက် သီးနှံစိုက်စွမ်းအားမှာလည်း၂၀၀ရာခိုင်နှုန်းအထိတိုးတက်လာတော့မှာဖြစ်ကြောင်း၊ ရေလှောင်တမံတည်ဆောက်ပေးမှုကြောင့် သီးနှံစိုက်စွမ်းအား တိုးတက်လာပြီး တောင်သူလယ်သမားကြီးများ၏ ဝင်ငွေများလည်း တိုးတက်လာတော့မှာ ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့ ငါ့သရောက်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အမှာစကား ပြောကြား

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ငါ့သရောက်ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားသစ္စာဖောက် ပြည်ပြေးများအကြောင်း

ဦးမျိုးမြင့်(ဥပဒေ)

မြန်မာမှုနယ်ပယ်တွင် မိမိဇာတိရပ်မြေကို မမေ့စကောင်း၊ မိမိဇာတိရပ်မြေကို ချစ်မြတ်နိုး၍ သစ္စာရှိရမည်ဆိုသည်ကို ရှေးက စာဆိုခဲ့ကြသည်။ **“ဇာတိရပ်မြေ၊ ရန်အောင်မြေနှင့် သွန်းရေခံရာ၊ ခန်းဝါထင်ရှား၊ ဤသုံးပါး”**ဟူ၍ မမေ့အပ်၊ မြတ်နိုးအပ်သော အရပ်နေရာသုံးပါး ပြဆိုထားသည်။

(၁) မိမိဇာတိရပ်မြေ။

(၂) ရန်သူကိုအောင်ပွဲခံလိုက်သောမြေ၊ ဘုရင်များ၊ အစိုးရများ၊ တပ်မတော်များက ကျူးကျော်လာသူ ပြည့်ရန်သူ၊ ရန်မူလာသောသောင်းကျန်းသူမှန်သမျှ တိုက်ခိုက်အောင်နိုင်သောမြေ၊ နိုင်ငံကိုရန်ပြု၊ ပြည်သူကိုရန်ပြုသော ပြည်တွင်းပြည်ပ အဖျက်အန္တရာယ် ရန်စွယ်မှန်သမျှကို မင်း(အစိုးရ)၊ တပ်မတော်နှင့်အတူ ပြည်သူတို့က ပြည်သူခပင်းအတွက် လက်တွဲဖြိုခွင်း အောင်မြေနင်းနိုင်သော ဤမြေ၊ ဤနိုင်ငံ။

(၃) ဘုရင်များနန်းတက်ရာ၌ ဘိသိက်ခံရာအရပ်နှင့် အများပြည်သူတို့ ရှင်ပြုဘိသိက်၊ ထိမ်းမြားမင်္ဂလာဘိသိက်ခံရာတို့ကို မမေ့သင့်ဟု ဆိုလိုပေသည်။

ထိုမမေ့အပ်သော အရပ်ဒေသသုံးပါးကား မိမိတို့နေထိုင်ရှင်သန်ရာ၊ ပေါက်ဖွားရာ အမိနိုင်ငံမြေပေါ်မှာချည်း ဖြစ်ပေသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဂီတစာဆိုတို့ ဖွဲ့သီခဲ့သော ဒို့ဗမာသီချင်းတွင်လည်းကောင်း၊ လွတ်လပ်ပြီးနိုင်ငံတော်၏ အမျိုးသားသီချင်းတွင်လည်းကောင်း မြန်မာနိုင်ငံတည်းဟူသော ဤမြေသည် **“ဒါဒို့မြေ၊ ဒါဒို့ပြည်–ဒါငါဒို့မြေ”၊ “ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ”၊ “သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့ ဒို့မြန်မာ”၊ “မြန်မာပြည်တစ်လွှား အကုန်ဒို့အိမ်မှတ်ပါ၊ ဒို့ရာမှတ်ပါ–အဲဒါဒို့မြန်မာ”**စသည်ဖြင့် ချစ်မြတ်နိုးဖွယ် အမိမြေကို ဂုဏ်တင်ကြခြင်းဖြစ်သည်။

“တစ်ရွာမပြောင်း သူကောင်းမဖြစ်”ဟူသော စကားပုံရှိသည်။ မိမိနိုင်ငံအတွင်း တစ်ရွာမှတစ်ရွာသို့ လုပ်ငန်းကိုင်ငန်းပြောင်းရွှေ့လုပ်ကိုင်ခြင်းကို ဆိုလိုပေသည်။ “တစ်နိုင်ငံမပြောင်း သူကောင်းမဖြစ်”ဟူ၍ ဆိုရိုးမရှိ။ ထိုလူမျိုးကား “သေချင်တဲ့ကျား တောပြောင်း”ဟူသော စကားပုံအတိုင်း အမိမြေအား စွန့်ခွာသွားကာ တိုင်းတစ်ပါးကိုအထင်ကြီး သြဇာခံ သွားရောက်နေထိုင်ရင်း ဒုက္ခရောက် ဘဝပျက်ရတတ်လေသည်။ **“ကိုယ့်နိုင်ငံ(ကိုယ့်ဇာတိမြေ)ကို စွန့်ခွာပြီး ကိုယ့်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖျက်ရန်ကြံနေသော၊ ပြည်ပကိုသစ္စာခံသော ပုဆိန်ရိုးများကိုကား ပြည်ပြေး”**များဟု ခေါ်ပေသည်။ နိုင်ငံမှ တည်ဆဲဥပဒေများ ချိုးဖောက်ထွက်ပြေးသူများကား ဝရမ်းပြေးများသာဖြစ်သည်။ ပြည်ပသို့ထွက်ပြေးသော ဥပဒေချိုးဖောက်၊ ပြစ်မှုကျူးလွန်သူများကား **“ပြည်ပြေး–ဝရမ်းပြေး”**များပင်ဖြစ်တော့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏အချုပ်အခြာ(လွတ်လပ်ရေး)ကို နှောင့်ယှက်ဖျက်ဆီးသူများကိုမူ အမျိုးသားသစ္စာဖောက်ဟုဆိုပေသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဖျက်ဆီးရန် ယနေ့ပြည်ပသို့ ထွက်ပြေးကြသည့် ပြစ်မှုကိုယ်စီ ကျူးလွန်ခဲ့သူ၊ ကျူးလွန်နေသူများ၏ နာမဝိသေသနကား ရှည်လျားလှပေသည်။ **“ပြည်ပြေး၊ ဝရမ်းပြေး၊ တရားခံပြေး၊ အမျိုးသားသစ္စာဖောက်၊ နယ်ချဲ့သစ္စာခံ ပုဆိန်ရိုးများ”**ဟူသတည်း။

နိုင်ငံအတွင်း၌ မကျေနပ်ချက်ရှိလျှင် နိုင်ငံအတွင်း၌ပင် ဖြေရှင်းသင့်သည်။ ပြည်ပအားကိုးခြင်း၊ ပြည်ပအထောက်အပံ့ယူခြင်း၊ ပြည်ပစွက်ဖက်မှု ဖိတ်ခေါ်အားပြုခြင်းမျိုး မလုပ်အပ်။ ထိုသို့ ပြည်ပကိုဖိတ်ခေါ် အားကိုးပြီဆိုကတည်းက ထိုသူ သို့မဟုတ် ထိုသူများ၊ သူမများတွင် ပြည်သူ့အင်အား၊ ပြည်သူ့ထောက်ခံမှု လုံးဝမရှိဟု ဖော်ပြနေခြင်းသာဖြစ်သည်။ လွတ်လပ်ရေးမရမီက မျိုးချစ်လူငယ်များသည် အမျိုးသားရေးခံယူချက်ကိုယ်စီဖြင့် တိုင်းတစ်ပါးသား ကျူးကျော်စိုးမိုးသူ နယ်ချဲ့ကို တိုက်ကာ လွတ်လပ်ရေးကို ရယူခဲ့ကြသည်။

နောင်တွင်ပြည်ပမှ ဝါဒစုံ(Pluralism)ခေါ် ဗဟုဝါဒ ဝင်လာ၏။ ယခင်က ဝါဒတူသူချင်းပင် အယူကွဲ၊ မူကွဲ၊ လူကွဲလာ၏။ ဝါဒကွဲလည်းများလာ၏။ ဤသို့ဖြင့် ဝါဒစုံ ထူပြောလာကာ ရောင်စုံသောင်းကျန်းမှုကြီးဖြစ်ပေါ်လာ၏။ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး၊ ပြည်ထောင်စုပြိုကွဲလုနီးနီး အကြိမ်ကြိမ်ဖြစ်ခဲ့ရ၏။ ပြည်သူတို့အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားနေခဲ့ရသည်။ သေလိုက်ကြ၊ နာလိုက်ကြသည့် ပြည်သူတွေများလှဘိသည်။ ပြည်သူ့အိုးအိမ်ပျက်စီးဆုံးရှုံးမှုများကလည်း စာရင်းပိတ်၍မရအောင် များလှဘိသည်။ အချင်းချင်း ဝါဒပြိုင်ရာမှ အာဏာလု၊ နယ်မြေလုနေခဲ့ကြသည်။

ထိုသောင်းကျန်းမှု အစပိုင်း၌ သောင်းကျန်းသူအဖွဲ့များသည် ပြည်တွင်းမှာပင် လှုည့်ပတ်လှုပ်ရှားနေခဲ့ကြသည်။ သောင်းကျန်းမှုကို ပြည်သူက လက်မခံဘဲ တပ်မတော်နှင့် လက်တွဲချေမှုန်းလာသောအခါ တောကြိုတောင်ကြား ပြေးလွှားလှုပ်ရှားကြသော်လည်း ပြည်တွင်းမှာသာ ရှိနေကြသေးသည်။ နောက်ပိုင်း ရွာမီးရှို့၊ လူသတ်၊ ဆက်ကြေးတောင်း၊ အရွယ်မရောက်သေးသူများကို သောင်းကျန်းသူ လူသစ်အဓမ္မစုဆောင်း၊ မိုင်းထောင်၊ ဗုံးခွဲ၊ သောင်းကျန်းသူအဖွဲ့ချင်း တစ်ဖွဲ့တည်းအတွင်းမှာပင် အချင်းချင်း မညီမညွတ်ပြိုကွဲကာ ဖြုတ်၊ ထုတ်၊ သတ် လုပ်လာကြသောအခါ သောင်းကျန်းသူများသည် ပြည်တွင်း၌ခိုအောင်းစရာ၊ အားကိုးအားထား ဖမ်းဆွဲစရာ ကောက်ရိုးတစ်မျှင်မျှမရှိဘဲ ဖြစ်လာသည်။ ပြည်သူက ဆန့်ကျင်ဒဏ်ခတ်လာကြတော့သည်။ ဤသို့ဖြင့် ၎င်းတို့အား လက်ခံအားပေးသည့်နိုင်ငံ၊ ခိုလှုံလှုပ်ရှားနိုင်မည့် နိုင်ငံများကို ရှာကြံအားကိုးလာကြသည်။

ဤတွင် သောင်းကျန်းသူများ ပြည်တွင်း၌ မရပ်တည်နိုင်ဘဲ ပြည်ပ အားကိုးလာရသည်။ နိုင်ငံနယ်စပ်မျဉ်းကို ကျော်ဖြတ်ပြေးရသော ပြည်ပြေးများ ဖြစ်လာကြသည်။ ယင်းသို့ ပြည်ပသို့ထွက်ပြေးခိုလှုံအားယူခဲ့သော မည်သည့် လက်ဝဲ၊ လက်ယာ သောင်းကျန်းသူအဖွဲ့မျှ နာလန်ပြန်မထူနိုင်ဘဲ ဝေး၍ဝေး၍ ပြေး၍ပြေး၍ မှုန်ဝါးပျောက်ကွယ်သွားသည်မှာ အထင်အရှားဖြစ်ပေသည်။ ယနေ့ လက်ကျန်သောင်းကျန်းသူအားလုံးသည် ပြည်ပြေးဘဝရောက်နေကြရသည်။ ထို့ကြောင့် လက်ဝဲ(ဗကပ)၊ လက်ယာ(ပြည်ပြေးအားလုံး)သည် ဘဝတူပြည်ပြေးချင်း လက်တွဲမိလာသည်။ အနောက်ဆရာကြီးကိုအားကိုးကာ ဆရာတူတပည့်ဖြစ်လာသည်။ တစ်ချိန်က နယ်ချဲ့သမားကို ဆဲရေးတိုင်းထွာ ရန်လုပ်ခဲ့သော ဗကပများသည် ယနေ့နယ်ချဲ့အုပ်စု၏ သတင်းပေးဖြစ်လာသည်။ နယ်ချဲ့တို့၏ တိုင်းဆူပြည်ဖျက်စီမံကိန်းများ၌ ကျိုးနွံစွာပူးပေါင်းလုပ်ဆောင်လာသည်။ **ပြည်ပြေးမှန်သမျှ၏ လုပ်ရပ်ဟူသည် အကြမ်းဖက်ဆူပူသောင်းကျန်းသော အမျိုးသားသစ္စာဖောက် လုပ်ရပ်များသာဖြစ်သည်။ “နိုင်ငံရေး”ဟူသော ဝေါဟာရသည် သင်းတို့၏ပါးစပ်နှင့် မတန်တော့ပေ။**

ပြည်သူ့ဘက်မှမရပ်တည်လျှင် ပြည်သူ၏ထောက်ခံမှု မရနိုင်၊ ပြည်တွင်းအင်အားမရရှိလျှင် မည်သူမည်ဝါ၊ မည်သည့်အစုအဖွဲ့၊ မည်သည့်အယူဝါဒမှ သက်ဆိုးမရှည်နိုင်ဟူသော နိုင်ငံရေးနိယာမ စီရင်ထုံးတစ်ရပ် ဖြစ်ပေါ်လာခဲ့ပြီးဖြစ်သည်။

အချို့ပြည်ပြေးများက လွတ်လပ်ရေးတိုက်ပွဲ မြင့်တက်ချိန်ကာလ၊ နယ်ချဲ့ကို လက်နက်ကိုင်တိုက်ထုတ်ရေးအတွက် စစ်ပညာနှင့် စစ်လက်နက်ရရှိရန် ပြည်ပသို့ ထွက်ခွာသွားသော ရဲဘော်သုံးကျိပ်ကို လက်ညှိုးထိုး ကိုးကားပြကြ၏။ ရဲဘော်သုံးကျိပ် နိုင်ငံလွတ်လပ်ရေးအတွက် ပြည်ပသို့ စစ်ပညာသွားသင်ခြင်းသည် ပြည်တွင်းသို့ပြန်လာပြီး နယ်ချဲ့ကိုတိုက်ထုတ်ရန်ဖြစ်သည်။ စစ်ပညာနှင့် စစ်လက်နက်ရှာသော ယာယီပြည်ပခရီးစဉ်သာဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်လွတ်လပ်ရေးကိုဖျက်ဆီးဒုက္ခပေးရန် နယ်ချဲ့ထံမှောက် ဒူးထောက်သော အမျိုးသားသစ္စာဖောက် ပြည်ပြေးများနှင့်ကား မိုးနှင့်မြေပမာ ကွာခြားလှပေသည်။

မြန်မာနိုင်ငံ၏ မြေပေါ်၌ ရပ်တည်ခြင်းငှာ မစွမ်းတော့သော သောင်းကျန်းသူအဖွဲ့များ မည်သည့်နိုင်ငံများသို့ ထွက်ပြေးကပ်ရပ်ရင်း ပြည်ပြေးဇာတ်ခင်းကြသည်ကို အားလုံးမှတ်မိနေကြဦးမည်ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွားထက် မိမိတို့အာဏာရရေးကိုသာ အလေးထားလွန်းသူများ၊ အုပ်စုများသည် ပြည်ပလောင်းရိပ်အောက် ရောက်ရှိခိုလှုံနေသော သောင်းကျန်းသူများကို အားကျနည်းယူပြီး ပြည်ပသို့ထွက်ပြေးကာ ပြည်ပြေးဇာတ်ခင်းလာကြသည်။ ၁၉၇၀ ဝန်းကျင်မှစပြီး ပြည်ပြေးများ ထကြွလာကြရာ ယနေ့ဆိုလျှင် ပြည်ပြေးမျိုးဆက် နှစ်ဆက်၊ သုံးဆက်ရှိနေသည်ကို တွေ့ရသည်။ ခေတ်သစ်ပြည်ပြေးပထမမျိုးဆက်ကို စတင်ဖန်တီးခဲ့သော ဦးနု–ဦးလောရုံတို့၏ ပါလီမန်ဒီမိုကရေစီပါတီအကြောင်း တင်ပြလိုပါသည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုသည် တော်လှန်ရေးကောင်စီက ဖွဲ့စည်းပေးသည့် မြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ ၃၃ ဦး ကော်မတီတွင် ပါဝင်ခဲ့သည်။ ကျန်အဖွဲ့ဝင်များက နိုင်ငံအနာဂတ်အတွက် မိမိတို့ဖြစ်စေချင်သော ဦးတည်ချက်များကို သန်ရာသန်ရာ တင်ပြကြသည်။ ဦးနုကမူ ၁၉၆၉ခုနှစ် မေလ၃၁ရက်နေ့တွင် ၎င်း၏အကြံပြုချက်စာတမ်းကို ကိုယ်တိုင်မတင်ဘဲ ဗိုလ်မှူးအောင်မှတစ်ဆင့် တင်ပြခဲ့သည်။ ဦးနုကိုယ်တိုင်မှာ ၁၉၆၉ခုနှစ် ဧပြီလ ၁၁ ရက်နေ့ကတည်းက ဘုရားဖူးရန်၊ ဆေးကုသမှုခံရန်ဟုဆိုကာ အိန္ဒိယနိုင်ငံသို့ထွက်ခွာသွားခဲ့သည်။ ဦးနု လူကြုံနှင့်တင်ပြခဲ့သော အကြံပြုချက်မှာ ၎င်းအား ဝန်ကြီးချုပ်အာဏာအပ်ရေးကို အဓိကတောင်းဆိုထားသော အကြံပြုစာတမ်းဖြစ်သည်။

နေရှင်းဦးလောရုံသည် ၁၉၆၅ခုနှစ်ကတည်းက နယ်စပ်ဒေသဝမ်ခ၌ ဗိုလ်ရန်နိုင်၊ ဇာလီမော်တို့ဖွင့်လှစ်ထားသော အမျိုးသားလွတ်မြောက်ရေးတပ်မတော် စစ်သင်တန်းသို့ ရောက်ခဲ့သည်။ အဆိုပါပြည်ပခိုသောင်းကျန်းသူများအား အနောက်၏အကူအညီရရှိအောင် ဆက်သွယ်ဆောင်ရွက်ပေးကာ ပြည်ပြေးပဏာမလုပ်ငန်း လုပ်နေသူဖြစ်သည်။ ဦးလောရုံ၏ ပြည်ပြေးဇာတ်ညွှန်းတွင် အဓိကဇာတ်ဆောင်လိုအပ်နေသည်။ သြဇာတိက္ကမ အစဉ်အလာထင်ပေါ်ကျော်ကြားသူတစ်ဦးကို ရှာဖွေရမည်ဖြစ်သည်။ ဤတွင် ဦးလောရုံသည် အာဏာကိုခုံမင်တတ်သောဦးနုကို မျက်စိကျသွားတော့သည်။

ယနေ့ဗကပယူဂျီ လက်ကျန်နှင့် လက်ယာနယ်ချဲ့လက်သစ်တို့စိတ်တူကိုယ် ဒီမို ၂၀၀၆ ခေါ် လူထုအုံကြွဆူပူမှု ဖန်တီးပြီး နိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချ ဖျက်ဆီးမည့်လုပ်ရပ်ကို ပြည်သူတို့က လုံးဝလက်မခံပါချေ။ မြန်မာနိုင်ငံကို ပိတ် သင်းတို့မအောင်မြင်။ နိုင်ငံတကာနှင့် ကုလသမဂ္ဂတို့က အထင်အမြင်လွဲမှားအော များဖြင့် စမ်းကြည့်သော်လည်း အရာမရောက်။ အမျိုးသားနိုင်ငံရေးကို သစ္စာဖေ လုပ်ရပ်သည် အဖျက်လုပ်ရပ်သာဖြစ်နေပေမည်။ အဖျက်လုပ်ရပ်ဟူသမျှ အောင် အဘယ့်ကြောင့်ဆိုသော် ပြည်သူတို့က အဖျက်(အပျက်)နှင့် အပြု(အဖြစ်) နားလည်ထားပြီးဖြစ်။

ဦးလောရုံသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်နှင့်ပါသွားပြီး ၁၉၄၄ခုနှစ်တွင် မဟာဗျူဟာရုံးလုပ်ငန်းဟု အမည်ပေးထားသည့် အမေရိကန် ”OSS”ထောက်လှမ်းရေးအဖွဲ့၌ ဗိုလ်မှူးအဆင့်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းသည်။ OSS ”သည် ယနေ့ CIA (အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ)၏ ရှေ့ပြေးအဖွဲ့ဖြစ်သည်။

၁၉၄၈ခုနှစ် ဇူလိုင်လ၁၅ရက်နေ့တွင် ရန်ကုန်မြို့၌ နေရှင်း(အင်္ဂလိပ်) သတင်းစာအယ်ဒီတာချုပ်ဖြစ်လာကာ အနောက်သူလျှိုအဖြစ် တရုတ်–မြန်မာနယ်နိမိတ်စာချုပ် မဖြစ်မြောက်စေရန် နေရှင်းမှရေးသားသပ်လျှိုခြင်းအပါအဝင် သူလျှိုလုပ်ငန်းများပြားစွာ လုပ်ခဲ့သည်။ တော်လှန်ရေးကောင်စီခေတ်တွင် အစိုးရကိုဆန့်ကျင်ပုတ်ခတ်၍ ထိန်းသိမ်းခံရသည်။ ၁၉၆၈ခုနှစ် ထောင်မှလွတ်လာပြီး အင်္ဂလန်သို့အပြီးအပိုင်ထွက်သွားသည်။ နောက်ပိုင်း အမေရိကန်သို့ပြောင်းရွှေ့နေထိုင်ကာ အမေရိကန်နိုင်ငံသားခံယူခဲ့သည်။

ဆေးကုရန်၊ ဘုရားဖူးရန် အိန္ဒိယသို့ရောက်လာသော ဦးနုကို ဦးလောရုံကလာတွေ့ကာ ဦးနုအား ဗန်ကောက်သို့ခေါ်သွားသည်။ ဗန်ကောက်တွင် ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်၊ စဝ်ရွှေသိုက်၏စတုတ္ထဇနီး မဟာဒေဝီစဝ်ဟိန်းခမ်းတို့နှင့် ပေါင်းမိသွားသည်။

ဦးနုနှင့် ဦးလောရုံသည် ၁၉၆၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် လန်ဒန်သို့သွားရောက်ကာ သတင်းစာရှင်းလင်းပွဲကျင်းပလျက် မြန်မာအစိုးရကို တိုက်ခိုက်ဖြုတ်ချရန် ပါလီမန်ဒီမိုကရေစီပါတီဖွဲ့စည်းကြောင်း ကြေညာသည်။ ပါတီဥက္ကဋ္ဌမှာ ဦးနု၊ အထွေထွေအတွင်းရေးမှူးမှာ ဦးလောရုံတို့ဖြစ်ကြောင်း၊ ပါတီဌာနချုပ်ကို ဗန်ကောက်မြို့ ဆွိုင် ၁၈၊ အမှတ် ၃၂ တွင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။ စက်တင်ဘာ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့သွားရောက်ကာ ငွေကြေး၊ လက်နက်အကူအညီတောင်းသည်။ အမေရိကန်အစိုးရက မြန်မာ

အစိုးရအား ပေးနေသော အကူအညီအ
ဦးနုနှင့် ဦးလောရုံတို့ကတောင်းဆိုကြ
ဦးနုတို့ပြည်ပြေးရန်ပုံငွေအမေရိကန်ဒေါ်
ကောက်ခံရရှိသည်။ ဦးနုတို့က ဒေါ်လာ
ခဲ့ခြင်းဖြစ်သည်။

ဦးနုသည် ဗန်ကောက်သို့ပြန်
စီးပွားရေးသမားများအား ရန်ပုံငွေလှူပါ၊
စီးပွားရေးအကွက်အကွင်းများ၌ လုပ်ပို
တိုင်းပြည်ကိုလက်ညှိုးထိုး ရောင်းစား
ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီ၏ ဗ
ဗိုလ်လကျ်ာ၊ ဗိုလ်ရန်နိုင်၊ ဦးသွင် စသူ
သစ္စာဖောက် ပြည်ပြေးလုပ်ရပ်နှင့်ပ
ဆရာ၊ သတင်းစာဆရာ ဝါရင့်နိုင်ငံ
“ပြန်လမ်းမရှိသော ဦးနု” စာအုပ်တွင်
သည်။ “ဦးနုဟာ တစ်ခါတုန်းက ကော
ဦးနုဟာတစ်ခါတုန်းက တိုးတက်ခဲ့တ
ဦးနုဟာတစ်ခါတုန်းက နယ်ချဲ့ဆန့်ကျ
နောက်လိုက်”။

ပြည်ပြေးများအတွင်း အုပ်စုကွဲ
ရာထူးအာဏာလုလာကြသည်။ ပြည်
ဖြစ်လာသည်။ ခေါင်းဆောင်များက ဗ
ငယ်သားများက နယ်စပ်၌ ငတ်ငတ်ပြ
ကွဲလာသည်။ ဗိုလ်ရန်နိုင်၊ ဦးသွင်၊ ရန်
လာကြသည်။ ရန်စောင် ရန်လုပ်
ဖြုတ်ထုတ်သတ်လုပ်လာသည်။ ၁၉၇၀

ထွန်းရှိန်၊ ညိုမင်းတို့အပါအဝင် လူ
ဦးလောရုံက ဆီးတိုးခေါ် အမေ
အာရှစစ်စာချုပ်အဖွဲ့၏ညွှန်ကြားချက်
တိုက်ခိုက်ရန် ဗိုလ်လကျ်ာ၊ ဇာလီမော်တို့
ရန်ကုန်ဘဆွေ၏ နောင်ရိုးတိုက်ပွဲအမည
ရေးမှာ မစတင်မီမှာပင် ပျက်သွားသည်
ရေးကြောင့် ပြည်ပြေးများ နိုင်ငံမြေ

ပြည်ပြေးတို့၏ မြစ်ဝကျွန်းပေါ်
အစဉ်များသည်လည်း တပ်မတော်၏
ခံလိုက်ရသည်။ ပြည်ပြေးတို့လုပ်နိုင်ခဲ့
အတွင်းသို့ ဗုံးခွဲမည့်လူများ စေလွှတ်
သတင်းပေး၍ ပြည်ပြေးအကြမ်းဖက်
ဖမ်းမိခဲ့သည်။ ပြည်ပြေးအဖွဲ့မှ န
သွားသောအုပ်စုများ တိုးပွားလာသည်
ပါလီမန်ဒီမိုကရေစီပါတီကို နာမည်ပြေ
ပါတီခေါ် ပြည်ပြေးတို့နှင့်ကွဲပြကာ
အမေရိကန်သို့ ထွက်ခွာသွားခဲ့ကြသ
အနောက်နိုင်ငံများနှင့် အာရှမှနိုင်ငံအ
ကြရသည်။

ဒုတိယမျိုးဆက် ပြည်ပြေးများပေ
အငယ်တန်းအဆင့်မှ ပါဝင်ခဲ့သူ ဂျူနိယ
မျိုးဆက်သည် ၁၉၈၇ ခုနှစ်ဆန်းတွင်
ပြည်ပြေး (ဝါ)မြန်မာပြည်တွင်း ဒီမိုက
ကော်မတီ CRDB ခေါ် The Co
Democracy in Burma ကို ပြ
ယင်း CRDB တွင် ဥက္ကဋ္ဌ ဒေါက်တ

အစိုးရအား ပေးနေသော အကူအညီအထောက်အပံ့များ ရပ်ဆိုင်းရန်လည်း ဦးနုနှင့် ဦးလောရုံတို့ကတောင်းဆိုကြသည်။ ထိုစဉ်က အမေရိကန်တွင် ဦးနုတို့ပြည်ပြေးရန်ပုံငွေ အမေရိကန်ဒေါ်လာတစ်သန်းခွဲနီးပါး (၁၄၆၀၀၀၀) ကောက်ခံရရှိသည်။ ဦးနုတို့က ဒေါ်လာလေးသန်းအလိုရှိကြောင်း တောင်းခံခဲ့ခြင်းဖြစ်သည်။

ဦးနုသည် ဗန်ကောက်သို့ပြန်ရောက်ပြီးနောက် နိုင်ငံခြားသား စီးပွားရေးသမားများအား ရန်ပုံငွေလှူပါ၊ မိမိတို့အာဏာရလျှင် ပြည်တွင်းမှ စီးပွားရေးအကွက်အကွင်းများ၌ လုပ်ပိုင်ခွင့်ပေးမည်ဟု ကြေညာခဲ့သဖြင့် တိုင်းပြည်ကိုလက်ညှိုးထိုး ရောင်းစားနေသော ဦးနုဟု သမုတ်ခံခဲ့ရသည်။ ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီ၏ ဗဟိုအလုပ်အမှုဆောင်လူကြီးများမှာ ဗိုလ်လကျ်ာ၊ ဗိုလ်ရန်နိုင်၊ ဦးသွင် စသူတို့ဖြစ်သည်။ ဦးနု၏ အမျိုးသား သစ္စာဖောက် ပြည်ပြေးလုပ်ရပ်နှင့်ပတ်သက်၍ ကွယ်လွန်သူ စာရေးဆရာ၊ သတင်းစာဆရာ ဝါရင့်နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်က "ပြန်လမ်းမရှိသော ဦးနု" စာအုပ်တွင် ဤသို့ကောက်ချက်ချရေးသားခဲ့သည်။ "ဦးနုဟာ တစ်ခါတုန်းက ကောင်းခဲ့တယ်၊ ယနေ့မကောင်းဘူး။ ဦးနုဟာတစ်ခါတုန်းက တိုးတက်ခဲ့တယ်၊ ယနေ့ဖောက်ပြန်နေတယ်။ ဦးနုဟာတစ်ခါတုန်းက နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ယနေ့နယ်ချဲ့တပည့် နောက်လိုက်"။

ပြည်ပြေးများအတွင်း အုပ်စုကွဲလာကြသည်။ ဗိုလ်လု၊ နယ်လု၊ ရာထူးအာဏာလုလာကြသည်။ ပြည်ပအကူအညီကိုသုံးစွဲရာ၌ မညီမျှမှု ဖြစ်လာသည်။ ခေါင်းဆောင်များက ဗန်ကောက်တွင် ဇိမ်ကျကျနေရပြီး ငယ်သားများက နယ်စပ်၌ ငတ်ငတ်ပြတ်ပြတ်နေကြရသဖြင့် စိတ်ဝမ်းကွဲလာသည်။ ဗိုလ်ရန်နိုင်၊ ဦးသွင်၊ ရန်ကုန်ဘဆွေတို့အကြား အုပ်စုကွဲလာကြသည်။ ရန်စောင် ရန်လုပ်လာကြသည်။ ငယ်သားများကို ဖြုတ်ထုတ်သတ်လုပ်လာသည်။ ၁၉၇၀ ပြည့်နှစ် တစ်နှစ်အတွင်း သိန်းလွင်၊

နယ်ချဲ့လက်သစ်တို့ စိတ်တူကိုယ်တူ ချမှတ်လိုက်သည့် နိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေး မခံပါချေ။ မြန်မာနိုင်ငံကို ပိတ်ဆို့ကြည့်သော်လည်း တို့က အထင်အမြင်လွဲမှားအောင် စွပ်စွဲချက်လိမ်ဆင် အမျိုးသားနိုင်ငံရေးကို သစ္စာဖောက်နေသမျှ ၎င်းတို့ အဖျက်လုပ်ရပ်ဟူသမျှ အောင်မြင်မည်မဟုတ်ချေ။ (အပျက်)နှင့် အပြု(အဖြစ်)ကို ခွဲခြားစည်းသား

ထွန်းရှိန်၊ ညိုမင်းတို့အပါအဝင် လူ ၁၀ ဦး ဖြုတ်ထုတ်သတ်ခံရသည်။

ဦးလောရုံက ဆီးတိုးခေါ် အမေရိကန်ဦးဆောင်သော အရှေ့တောင်အာရှစစ်စာချုပ်အဖွဲ့၏ညွှန်ကြားချက်အရ မြန်မာပြည်တွင်း ဝင်ရောက်တိုက်ခိုက်ရန် ဗိုလ်လကျ်ာ၊ ဇာလီမော်တို့နှင့် စီစဉ်သည်။ လုံးဝမအောင်မြင်။ ရန်ကုန်ဘဆွေ၏ နောင်ရိုးတိုက်ပွဲအမည်ခံ မွန်ပြည်နယ်အတွင်း ဝင်တိုက်ရေးမှာ မစတင်မီမှာပင် ပျက်သွားသည်။ တပ်မတော်၏ ပတ္တမြားစစ်ဆင်ရေးကြောင့် ပြည်ပြေးများ နိုင်ငံမြေပေါ်နင်းခွင့် မရခဲ့ပေ။

ပြည်ပြေးတို့၏ မြစ်ဝကျွန်းပေါ်သိမ်းပိုက်ရေး၊ ပိတ်ဆို့ရေးအစီအစဉ်များသည်လည်း တပ်မတော်၏ထော်ပိုင်စစ်ဆင်ရေးဖြင့် ချေမှုန်းခံလိုက်ရသည်။ ပြည်ပြေးတို့လုပ်နိုင်ခဲ့သော လုပ်ရပ်ကား မြန်မာနိုင်ငံအတွင်းသို့ ဗုံးခွဲမည့်လူများ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူလူထု သတင်းပေး၍ ပြည်ပြေးအကြမ်းဖက်သမားများစွာကို ဗုံးများနှင့်အတူ ဖမ်းမိခဲ့သည်။ ပြည်ပြေးအဖွဲ့မှ နုတ်ထွက်သွားသူများ၊ နုတ်ထွက်သွားသောအုပ်စုများ တိုးပွားလာသည်။ ဦးနုနှင့် ဦးလောရုံတို့ကိုယ်တိုင် ပါလီမန်ဒီမိုကရေစီပါတီကို နာမည်ပြောင်းထားသော ပြည်သူ့ပြည်ချစ်ပါတီခေါ် ပြည်ပြေးတို့နှင့်ကွဲပြဲကာ ဦးနုက အိန္ဒိယ၊ ဦးလောရုံက အမေရိကန်သို့ ထွက်ခွာသွားခဲ့ကြသည်။ ပြည်ပြေးအများအပြားသည် အနောက်နိုင်ငံများနှင့် အာရှမှနိုင်ငံအချို့သို့ ပြန့်ကျဲရောက်ရှိ ခိုလှုံနေကြရသည်။

ဒုတိယမျိုးဆက် ပြည်ပြေးများပေါ်လာပြန်၏။ ပထမမျိုးဆက်တွင် အငယ်တန်းအဆင့်မှ ပါဝင်ခဲ့သူ ဂျူနီယာပြည်ပြေးများဖြစ်သည်။ ဒုတိယမျိုးဆက်သည် ၁၉၈၇ ခုနှစ်ဆန်းတွင် တစ်ကျော့ပြန် ဒုတိယမျိုးဆက် ပြည်ပြေး (ဝါ)မြန်မာပြည်တွင်း ဒီမိုကရေစီပြန်လည် အသက်သွင်းရေးကော်မတီ CRDB ခေါ် The Committee for Restoration of Democracy in Burma ကို ပြည်ပမှာပင် ဖွဲ့စည်းကြပြန်သည်။ ယင်း CRDBတွင် ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်း (ဦးအုန်းခင်)၏သား၊ ဒုတိယဥက္ကဋ္ဌ တင်မောင်ဝင်း(ဦးနု ပြည်ပြေးခေတ်က ပြည်ပြေးလုပ်ရန် ထွက်ပြေးစဉ် တောတွင်း၌ အမောဆို့သေဆုံးခဲ့သော ဝန်ကြီးဟောင်း ဦးဝင်း၏သား)၊ နောက်ထပ် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဘီလားရာရှစ် (ဝန်ကြီးဟောင်း ဦးရာရှစ်၏သား)၊ အတွင်းရေးမှူး ရဲကျော်သူ (စသုံးလုံးညွှန်ကြားရေးမှူးဟောင်း ဦးချမ်းသာ၏သား)၊ ငွေထိန်းတင်မောင်သော်၊ အဖွဲ့ဝင် ဦးသောင်း(ခေါ်)အောင်ဗလနှင့် တင်မောင်ဝင်း၏ဇနီး ခင်မျိုးအေး တို့ ဖြစ်ကြသည်။

ယင်း CRDB ပြည်ပြေးများသည် ဥရောပနှင့် အင်္ဂလန်တွင် အဖွဲ့ခွဲများဖွဲ့ပြီး တစ်ဖက်နိုင်ငံသို့ လာရောက်ကာ ပြည်ပြေးစုဆောင်းခြင်း၊ ပြည်ပမှငွေကြေးတောင်းခံခြင်း၊ ဒုက္ခသည်များထံမှ ခေါင်းပုံဖြတ်ခြင်း၊ ငွေကြေးထောက်ပံ့သူများကျေနပ်စေရန် ကြေညာချက်များထုတ်ပြန်ကာ မြန်မာအစိုးရကို ဆန့်ကျင်ပုတ်ခတ်ခြင်း၊ မြန်မာနိုင်ငံကို ပိတ်ဆို့နှောင့်ယှက်ရန် အနောက်နိုင်ငံများအားတောင်းဆိုခြင်းများကိုသာ လုပ်ကိုင်ရင်း တစ်စတစ်စ ပြိုကွဲလာခဲ့ရသည်။ ဝါရှင်တန်တွင် အခြေချနေရာမှ တစ်ဖက်နိုင်ငံ ဇင်းမယ်မြို့သို့ လာရောက်ပြီး တင်မောင်ဝင်းနှင့် ရဲကျော်သူတို့ မထင်မရှား ကွယ်လွန်သွားကြသည်။ ဦးစိန်မြ၊ သံမဏိဗိုလ်ခင်မောင်တို့က CRDBကို အသက်ဆက်ရန် အားထုတ်ခဲ့သော်လည်း မအောင်မြင်ချေ။

တတိယပြည်ပြေးမျိုးဆက်သည်ကား ၁၉၈၈ ခုနှစ်တွင် ပြည်တွင်း၌ ဆူပူအကြမ်းဖက်မှုဖြင့် အာဏာသိမ်းယူရန်ကြိုးစားကြသည့် လက်ဝဲ၊ လက်ယာခေါင်းဆောင်များက ၎င်းတို့၏အကြံအစည်မအောင်မြင်သောအခါ ကျောင်းသားလူငယ်များကို ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်ဖြင့် နယ်စပ်သောင်းကျန်းသူစခန်းများသို့ တွန်းလွှတ်ရာမှ ဖြစ်ပေါ်လာသော မလည်မဝယ်၊ မနူးမနပ်ပြည်ပြေးများ ဖြစ်သည်။

နယ်စပ်နှင့် တစ်ဖက်ပြည်ပြေးစခန်း(ဒုက္ခသည်စခန်းအမည်ခံ စခန်း)များတွင် နှိပ်စက်ခံရသူ၊ ဘဝပျက်ဘဝဆုံးရသူ၊ ငတ်ပြတ်ဒုက္ခရောက်သူများ များပြားလှသည်။ အမြင်မှန်ရသူလူငယ်များသည် တပ်ခ်ခရိုင် လက်ခံရေးစခန်းများမှတစ်ဆင့် နှစ်နိုင်ငံအစိုးရ၏ မေတ္တာစေတနာဖြင့် မိဘရင်ခွင်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ထောင်ပေါင်းများစွာသော ပြန်လာကြမည့်သူများကို အနောက်မီဒီယာများ၊ လျှို့ဝှက်အဖွဲ့များ၊ NGOအမည်ခံ စီအိုင်အေလက်ခွဲအဖွဲ့များက မပြန်နိုင်အောင် ဟန့်တားကြသည်။ တစ်ဖက်စခန်းများတွင် ကျန်ရစ်သူများထဲမှ ၎င်းတို့အတွက် အသုံးတည့်မည့်သူများကို ယခင်ပြည်ပြေးများကဲ့သို့ပင် အရှေ့၊ အနောက်နိုင်ငံများစွာသို့ ဖြန့်ကြက်ပို့ထားသည်။ ထိုပြည်ပြေးငယ်များမှာ ယခုမှ အရွယ်ရောက်ခဲ့ကြပြီ။ တိုင်းတစ်ပါး၌နေထိုင်ကာ မထူးဇာတ် ခင်းလျက် ကိုယ့်နိုင်ငံကိုယ် ဒုက္ခပြန်ပေးလာနေကြရသည်။ ဤသို့မျှ မလုပ်လျှင်လည်း မိဝေး ဖဝေးဖြင့် ငတ်ကြ ပြတ်ကြရမည်။ ဒုက္ခရောက်ကြရမည်။ ဘဝဆုံးကြရမည်။

ဒုတိယမျိုးဆက်ပြည်ပြေးဖြစ်သူ CRDB မှ တင်မောင်ဝင်း၊ ရဲကျော်သူ၊ သောင်းထိုက်၊ မောင်အောင်တို့က တတိယမျိုးဆက်များကို ချုပ်ကိုင်ပြီး ဆရာကြီးလုပ်ရန် တစ်ဖက်စခန်းများသို့လာခဲ့ကြသေးသည်။ အနောက်မှ အမတ်ဆိုသူများ၊ သံအမတ်များ၊ NGOအမည်ခံ ထောက်လှမ်းရေးအဖွဲ့များ၊ အကြမ်းဖက်နည်း၊ တိုက်ခိုက်နည်းသင်တန်း ပေးသည့် မျက်နှာဖြူအကြမ်းဖက်နည်းပြများကလည်း ဥဒဟို ဝင်ထွက်ကြသည်။ ဤသို့ဖြင့် တတိယပြည်ပြေးမျိုးဆက်များလည်း ပြန်လမ်းမရှိတော့ဘဲ မထူးဇာတ်ခင်းလာကြရသည်။

၁၉၉၀ ပြည့်နှစ်က ပြည်တွင်း၌ စင်ပြိုင်အစိုးရဖွဲ့ရန် ကြိုးပမ်းရာမှ မအောင်မြင်သဖြင့် ပြည်ပြေးလုပ်သွားသော အမျိုးသားဒီမိုကရေစီပါတီ ဥက္ကဋ္ဌဟောင်း ဒေါ်စုကြည်၏မောင်တစ်ဝမ်းကွဲ စိန်ဝင်းသည် NLD အမတ်ဆိုသူတစ်စုဖြင့် ပြည်ပြေးအစိုးရဟူ၍ အဖွဲ့ ဖွဲ့ခဲ့ကြသည်။ စိန်ဝင်းက ပြည်ပြေးဝန်ကြီးချုပ်အဖြစ် ဝါရှင်တန်တွင်နေထိုင်ကာ တစ်ဖက်ပြည်ပြေးစခန်းများကို လှမ်း၍ချုပ်ကိုင်ထားသည်။

ပြည်တွင်း၌ဆူပူမှုဖန်တီးခိုင်းကာ ဥပဒေအရအဖမ်းမခံရမီ နယ်စပ်ဖြတ်ကျော်ကာ ပြည်ပြေးလုပ်စေသောနည်းဖြင့် ပြည်ပြေးလူသစ်စုဆောင်းကြသည်။ ပြည်ပြေးများ အားတက်စေရန် နော်ဝေနိုင်ငံ အော်စလိုမြို့တွင် DVB ခေါ် ဒီမိုကရက်တစ် မြန်မာ့အသံဆိုပြီး အသံလွှင့်လုပ်ငန်း ထောင်ပေးကာ ပြည်ပြေးများအား ခန့်ထားခဲ့သည်။ RFAခေါ် ရေဒီယိုဖရီးအေးရှားအသံလွှင့်ဌာနကို ပြည်ပြေးများအတွက် ဝါရှင်တန်မှာပင် ထောင်ပေးထားသည်။ VOA, BBC တို့တွင်လည်း ပြည်ပြေးလူသစ်များ ခန့်ထားပေးထားသည်။ အမေရိကန်အမတ် ဆိုလာ့ဇ်၊ ရီရာဘာဂျာ၊ မက်ကောနဲ၊ မွိုင်နီဟန်၊ BPFခေါ် မြန်မာငြိမ်းချမ်းရေး ဖောင်ဒေးရှင်း တည်ထောင်ထားသူ ဒေးဗစ်အာနော့တို့သည် မြန်မာပြည်ပြေးများကို လက်သပ်မွေး ပျိုးထောင်ပေးနေသူများဖြစ်သည်။

အင်္ဂလန်မှ BAG(Burma Action Group) ခေါ် မြန်မာနိုင်ငံ လှုပ်ရှားမှုအုပ်စုတွင် ဗူနက်တာလစ်ဒဲ၊ ဒေါ်စုကြည်၏ယောက္ခမ(ဝါ) ဒေါ်စုကြည်၏ခင်ပွန်း မိုက်ကယ်အဲရစ်၏မိခင် အက်ဗလင်အဲရက်စ်၊ ဒေါ်စုကြည်ကို အိန္ဒိယမှ အင်္ဂလန်သို့ ခေါ်သွားကာ ပညာသင်ပေးထားသည့် ဗြိတိသျှသံအမတ်ကြီးဟောင်းဘုဉ်၏ဇနီး မစ္စစ်ဘုဉ်တို့ ဦးဆောင်လှုပ်ရှားကြသည်။ လေယာဉ်ပြန်ပေးဆွဲခဲ့သော ပြည်ပြေးများ၊ ရန်ကုန်တွင် ဗုံးခွဲခဲ့သော ပြည်ပြေးများကို အင်္ဂလန်နှင့် အမေရိကန်သို့ ခေါ်ယူ

"ကိုယ့်နိုင်ငံ(ကိုယ့်ဇာတိမြေ)ကို စွန့်ခွာပြီး ကိုယ့်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖျက်ရန်ကြံနေသော၊ ပြည်ပကိုသစ္စာခံသော ပုဆိန်ရိုးများကိုကား ပြည်ပြေး" များဟု ခေါ်ပေသည်။ နိုင်ငံမှ တည်ဆဲဥပဒေများ ချိုးဖောက်ထွက်ပြေးသူများကား ဝရမ်းပြေးများသာ ဖြစ်သည်။ ပြည်ပသို့ထွက်ပြေးသော ဥပဒေချိုးဖောက်၊ ပြစ်မှုကျူးလွန်သူများကား 'ပြည်ပြေး–ဝရမ်းပြေး' များပင်ဖြစ်တော့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏အချုပ်အခြာ(လွတ်လပ်ရေး)ကို နှောင့်ယှက်ဖျက်ဆီးသူများကိုမူ အမျိုးသားသစ္စာဖောက်ဟုဆိုပေသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဖျက်ဆီးရန် ယနေ့ပြည်ပသို့ ထွက်ပြေးကြသည့် ပြစ်မှုကိုယ်စီ ကျူးလွန်ခဲ့သူ၊ ကျူးလွန်နေသူများ၏ နာမဝိသေသနကား ရှည်လျားလှပေသည်။ 'ပြည်ပြေး၊ ဝရမ်းပြေး၊ တရားခံပြေး၊ အမျိုးသားသစ္စာဖောက်၊ နယ်ချဲ့သစ္စာခံ ပုဆိန်ရိုးများ' ဟူသတည်း။

မွေ့ာက်စားထားကြသည်။ ပြည်ပြေးတို့ ဗုံးခွဲ၊ မိုင်းထောင်၊ လူသတ်သမျှ အားလုံးကို အနောက်မီဒီယာများက ဖုံးဖိကာကွယ်ပေးကြသည်။ ကြားမှဝင်ပြီး ငြင်းဆန်ပေးသည်။ ဒီမိုကရေစီရေး လှုပ်ရှားသူများအဖြစ် ဗန်းတင်ပေးသည်။

CIAနှင့် လက်ယာအစွန်းရောက်များ ပူးပေါင်းကာ ပြည်ပြေးများအတွက် FBG, ACFOA, JRS၊ ငွေကြေးလောင်းကစားသမားကြီး ဂျော့ဆိုရော့စ်၏ လူ့အဖွဲ့အစည်းပွင့်လင်းရေး (The Open Society Fund)၊ အမျိုးသားဒီမိုကရေစီ ပံ့ပိုးလှူဒါန်းရေးအဖွဲ့ NED(National Endowment for Democracy) စသည် စသည်အဖွဲ့များက ပြည်ပြေးများကို ငွေကြေးမပြတ် ထောက်ပံ့ထားသည်။ ပြည်ပြေးများအား အလုပ်ရှာပေးသည်။ ဆိုရော့စ်၏အဖွဲ့အောက်တွင် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များအဖွဲ့(Refugee International)၊ အာရှလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့(Human Rights Watch, Asia)များဖွဲ့ထားပြီး နိုင်ငံတကာ၏ အမျိုးသားရေးခံတပ်များကို ထိုးဖောက်ကာ ၎င်း၏ငွေကြေးအင်ပါယာချဲ့ထွင်ရန် အားထုတ်သည်။ ဂျော့ဆိုရော့စ်ကိုယ်တိုင် ဟန်ဂေရီမှ ထွက်ပြေးလာသည့် ပြည်ပြေးဖြစ်သည်။ ဆိုရော့စ်၏ မြန်မာနိုင်ငံစီမံချက်(The Burma Project)သည် မြန်မာနိုင်ငံကို ပညာရေး၊ စီးပွားရေးအရ နှောင့်ယှက်ဖျက်ဆီးရန် ရေးဆွဲထားသော စီမံချက်ဖြစ်ပြီး ၎င်းစီမံချက်တွင် မြန်မာလူမျိုးထဲမှ မိုရင်းအောင်သွင်၊ အက်စ်မီချန်ထွန်း၊ နော်လွီဇာဘင်ဆင်စသည့် ပြည်ပြေးများကို ငှားရမ်းအသုံးပြုထားသည်။

ယခုအခါ ပြည်သစ်ညွှန့်ဝေ၏ FTUB, NLD(လွတ်မြောက်နယ်မြေ)၊ ABSDFစသည့် ပြည်ပြေးအဖွဲ့များ၊ ပြည်ပြေးသောင်းကျန်းသူ SSA-S, KNPPပြန်ဝင်စသည့်အဖွဲ့များသည် အနောက်၏အထောက်အပံ့ဖြင့် နယ်စပ်ဒေသတွင် ခွထိုင်အခြေပြုကာ အဖျက်လုပ်ငန်း၊ အကြမ်းဖက်လုပ်ငန်းများကို လုပ်နေဆဲဖြစ်သည်။ ပြည်ပြေးအရေအတွက်က မများလှပေ။ ရှိသမျှပြည်ပြေးများကို တစ်ယောက်တစ်ဖွဲ့နှုန်းဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းနာမည်ခံနေစေခြင်းသာ ဖြစ်သည်။

ပြည်ပြေးဟူသည် ယခင်ကရော၊ ယခုအခါပါ၊ နိုင်ငံတကာမှာရော၊ တစ်နိုင်ငံချင်းမှာပါ အာဏာရလာရိုးထုံးစံမရှိပေ။ ပြည်ပမှာနေ၊ ပြည်ပကခိုင်းတာလုပ်၊ ပြည်ပကကျွေးသမျှစားပြီး ပြည်ပမှာပင် အရိုးထုတ်ကြရစမြဲဖြစ်သည်။ မျက်မှောက်နိုင်ငံတကာသတင်းများကိုကြည့်လျှင် နိုင်ငံတစ်ခုကို အသားလွတ်ကျူးကျော်တိုက်ခိုက်ပြီး ကျူးကျော်ခံရသောနိုင်ငံမှ ၎င်းတို့မကြိုက်သော အစိုးရကိုဖယ်ရှားကာ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတင်လျက် နောက်ကွယ်မှ ခြယ်လှယ်ကြိုးကိုင်သွေးစုပ်သည့် ကိုလိုနီပုံစံသစ်ကို တွေ့နေကြရသည်။ ယင်းရုပ်သေးအစိုးရများကို ၎င်းတို့ကျွေးမွေးပုံသွင်းထားသည့် ပြည်ပြေးများဖြင့် ဦးဆောင်ချုပ်ကိုင်ရန် အားထုတ်မှုမှန်သမျှ မအောင်မြင်ကြောင်း တွေ့နေရသည်။ အီရတ်ပြည်သူများသည် အမေရိကန်စစ်တပ်မှ ခေါ်သွင်းလာသည့် အီရတ်ပြည်ပြေး ချာလာဘီကို လက်မခံကြချေ။ အလားတူ အီတလီတွင် နှစ်ပေါင်း ၃၀ ပြည်ပြေးအဖြစ် နေထိုင်ခဲ့သည့် အာဖဂန်နစ္စတန်ဘုရင်ဟောင်း ဇဟီယာရှားကို အာဖဂန်နိုင်ငံသားများက လက်မခံကြချေ။

ပြည်ပြေးဟူသည် ဤဆောင်းပါးရှေ့ပိုင်း၌ တင်ပြခဲ့သည့်အတိုင်း ပြည်သူ့အင်အားကို အလေးမထား၊ ပြည်သူကိုသစ္စာဖောက်ဖျက်ကာ ပြည်ပြေးဘဝခံယူသွားကြသဖြင့်လည်းကောင်း၊ ပြည်ပဩဇာခံကာ ကိုယ့်နိုင်ငံကို ကျွန်ဘဝသို့ ပြန်လည်တွန်းပို့နေကြသဖြင့်လည်းကောင်း၊ ပြည်သူတို့၏ငြိမ်းချမ်းမှု၊ စားဝတ်နေရေးဖူလုံမှုကို ဖျက်ဆီးနှောင့်ယှက်နေကြသဖြင့်လည်းကောင်း ပြည်သူလူထု၏ တံတွေးခွက်တွင် စုံးစုံးမြုပ်နေကြသူများဖြစ်သည်။

ယနေ့ ဗကပယူဂျီ လက်ကျန်နှင့် လက်ယာနယ်ချဲ့လက်သစ်တို့ စိတ်တူကိုယ်တူ ချမှတ်လိုက်သည့် ဒီမို ၂၀၀၆ ခေါ် လူထုအုံကြွဆူပူမှုဖန်တီးပြီး နိုင်ငံ၏လွတ်လပ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေး ဖျက်ဆီးမည့်လုပ်ရပ်ကို ပြည်သူတို့က လုံးဝလက်မခံပါချေ။ မြန်မာနိုင်ငံကို ပိတ်ဆို့ကြည့်သော်လည်း သင်းတို့မအောင်မြင်။ နိုင်ငံတကာနှင့် ကုလသမဂ္ဂတို့က အထင်အမြင်လွဲမှားအောင် စွပ်စွဲချက်လိမ်ဆင်များဖြင့် စမ်းကြည့်သော်လည်း အရာမရောက်။ အမျိုးသားနိုင်ငံရေးကို သစ္စာဖောက်နေသမျှ ၎င်းတို့လုပ်ရပ်သည် အဖျက်လုပ်ရပ်သာဖြစ်နေပေမည်။ အဖျက်လုပ်ရပ်ဟူသမျှ အောင်မြင်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ပြည်သူတို့က အဖျက်(အပျက်)နှင့် အပြု(အဖြစ်)ကို ခွဲခြားစည်းသား နားလည်ထားပြီးဖြစ်သောကြောင့်ပင်တည်း။ ။

22-8 (09).p65 2 1/1/32, 12:44 PM

စာမျက်နှာ ၇ မှ

စိမ်းလန်းစိုပြည်

ဆန်စပါး ထုတ်လုပ်မှု တစ်ခုတည်းကို ကြည့်မည်ဆိုလျှင် ၁၉၇၂-၇၃ခုနှစ်တွင် ခရိုင်တစ်ခုလုံး ၅၄ဧကသာ စတင်စိုက်ပျိုးနိုင်ခဲ့ရာက ၂၀၀၅-၂၀၀၆ခုနှစ်တွင် စပါးစိုက်ဧကပေါင်း ၇၅၀၃ဧကအထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ယခင်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန် လက်လှမ်းမမီသည့်ဒေသသည် ယခုဆိုလျှင် တစ်ဧကကို တင်း၁၀၀ကျော်ထွက်ရှိသည့် စပါးခင်းများနှင့် စိမ်းလန်းစိုပြည်နေပြီဖြစ်ကြောင်း၊ ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးကျေးဇူးကို လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုဖွင့်လှစ်ပေးလိုက်သော ရေလှောင်တမံသည် ဒေသခံနယ်မြေလူထုအတွက် နိုင်ငံတော်က စစ်မှန်သည့်စေတနာဖြင့် လက်တွေ့အကောင်အထည်ဖော်ပေးလိုက်သော အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ဤရေလှောင်တမံက ဖြန့်ဖြူးပေးမည့်ရေကိုလည်း လေလွင့်မှုမရှိအောင် စနစ်တကျခြွေတာ အသုံးပြုနိုင်ရေးအတွက်လည်း ဝိုင်းဝန်းညီညွတ်စွာ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် ပံ့ပိုးကူညီမှုနှင့်အတူ အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ကျေးဇူးတင်စကားပြော

ယင်းနောက် ငါ့သရောက် ရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါ့သရောက်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ငါ့သရောက်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ကမ္ပည်းကျောက်စာတိုင်ကို ဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ငါ့သရောက်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒေသခံပြည်သူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲတို့ကိုလည်းကောင်း၊ ရေလှောင်တမံအတွင်း ရေဝင်မှုကိုလည်းကောင်းကြည့်ရှုသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူးဦးမျိုးထွန်းက ငါ့သရောက် ရေလှောင်တမံ တည်ဆောက်မှုနှင့် ရေဝင်ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညောင်ဦးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံများ၊ ဆည်များ၊ မြစ်ရေတင်စီမံကိန်းများကို အစုအဖွဲ့ဖြင့် တည်ဆောက်အကျိုးပြုနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကြသည်။

အကျိုးပြုဧက

ငါ့သရောက် ရေလှောင်တမံသည် ရေဆင်းဧရိယာ ၅၄စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ၁၁၈၈၀ ရှိသည်။ ချောင်းမကြီး ချောင်းပေါ်၌ မြေသားတမံ တည်ဆောက်၍ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူပေးသွားရန်ဖြစ်သည်။ ငါ့သရောက်ရေလှောင်တမံမှာ မြေသားတမံဖြစ်၍ အလျားပေ၇၅၅၀၊ တမံအမြင့်၆၄ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၇၀၀၀ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အကျိုးပြု ဆည်ရေ ပေးဝေနိုင်သည့် ဧရိယာမှာ ဧက၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ငါ့သရောက်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်အပါး ၄၅၀ တို့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့ အားအမှူးထား၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၅၁၀၀၀၀ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပေးအပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးဝဏ္ဏမောင်လွင်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးဝဏ္ဏမောင်လွင်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာမများနှင့် ကျောင်းသူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပေးအပ်စဉ်။

(မြို့တော်စည်ပင်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကြီးမှူး အသိပညာပေးဟောပြောပွဲ လှိုင်သာယာမြို့နယ် အထက(၁)၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းဆောင်ရွက်မှု

ရှေးဦးစွာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ပညာပေးဟောပြော

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပညာရေးအထောက်အကူပြု လုပ်ငန်းအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ပြောကြား၍ စည်းရုံးရေး ဌာနကြီးမှုဒုတိယခေါင်းဆောင် တရားရုံးချုပ်(ပြစ်မှု တရားစီရင်ရေးဌာန)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွန့်က လူကုန်ကူးမှုအန္တရာယ် အစဉ်သတိပြုဖွယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ပေးအပ်

ထို့နောက် လှိုင်သာယာမြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာမများနှင့် ကျောင်းသူများ၏ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာများကိုပေးအပ်ကြရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်က အဖွဲ့ဝင်အဆိုပြုလွှာ၅၁၄စောင်၊အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဌေးက အဖွဲ့ဝင်အဆိုပြုလွှာ ၅၁၆ စောင်နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်သောဂေးက အဖွဲ့ဝင်အဆိုပြုလွှာ၅၁၄စောင်တို့ကို ပေးအပ်ကြပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး မဟာဗျူဟာယှဉ်ပြိုင်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီယံအတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး မဟာဗျူဟာယှဉ်ပြိုင်မှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ အာဆီယံအတွင်းရေးမှူးရုံး IAI Unit မှ Technical Officer (Project), Ms. Chandrasa Edhityas Sjamsudin၊ International Trade Institute of Singapore (ITIS)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့် ဝန်ကြီးဌာန ၁၂ ခုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား အရာရှိ ၂၀ တို့ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းကို ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းတွင်ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှုတည်ဆောက်ရေးသင်တန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်း(Focal Point) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် သင်တန်းသုံးခု စီစဉ် ဖွင့်လှစ်ပေးခဲ့ပြီး နောက်ထပ် သင်တန်းခြောက်ခုကို ၂၀၀၆ ခုနှစ် အတွင်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွက် ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး မဟာဗျူဟာယှဉ်ပြိုင်မှုသင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၂၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဩဂုတ်၂၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

22-8 (10).p65 1 1/1/32, 12:44 PM

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အခြေခံစာရင်းကိုင် သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသင်းဝင်များ ကိုယ်စီအရည်အချင်းမြင့်မားနေစေရန် လေ့လာသင်ယူ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ဒေသခံများနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၁

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဧရာဝတီတိုင်းစာရင်းရုံး ပုသိမ်မှန်စက်ရုံတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစာရင်းကိုင်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေး၊ အသင်းဝင်များအနေဖြင့် အမြဲတမ်းပြောင်းလဲ တိုးတက်နေသော နည်းပညာခေတ်နှင့် အညီ ကိုယ်စီအရည်အချင်းတိုးတက် မြင့်မားနေစေရန် အဆက်မပြတ် လေ့လာသင်ယူ ကြိုးပမ်းကြရေး၊ မျိုးဆက်သစ်ပညာတတ် လူငယ်များပေါ်ထွန်းပြီး နိုင်ငံတော်အတွက် အားထားရသော အရည်အချင်း ပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ သင်တန်းမှ သင်ကြားခဲ့သော ဘာသာရပ်များကို စဉ်ဆက်မပြတ်လေ့လာ၍ လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ အသုံးချရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဒေသခံ များနှင့်အတူ ပူးပေါင်းလက်တွဲ ပါဝင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်မှာကြားသည်။

စဉ်ဆက်မပြတ်

ဆက်လက်၍ တိုင်းစာရင်းစစ်အရာရှိ ဦးအောင်လှိုင်စိုးနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးသန်းထွန်းတို့က သင်တန်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စဉ်ဆက်မပြတ် သင်တန်းများ ဖွင့်လှစ်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက သင်တန်းဆင်းလက်မှတ် ပေးအပ်ရာ အခြေခံစာရင်းကိုင်သင်တန်းအတွက်သင်တန်းသူကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ အခြေခံကွန်ပျူတာသင်တန်းအတွက် သင်တန်းသားကိုယ်စားလှယ်တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

အသုံးပြုနေ

၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာ သင်တန်းခန်းမတွင် သင်တန်းသားများ လက်တွေ့ကွန်ပျူတာ ကိုင်တွယ်အသုံးပြုနေမှုကို ကြည့်ရှုအားပေးကြသည်။

တက်ရောက်

အဆိုပါသင်တန်းကို မေ ၁၅ ရက်မှစ၍ သုံးလကြာဖွင့်လှစ်ခဲ့ပြီး အခြေခံစာရင်းကိုင်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၇၁ ဦး၊ အခြေခံကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၄ ဦး စုစုပေါင်း ၁၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၂၁

၂၀၀၅–၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား နဝမအကြိမ်ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက်၇နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားပြီး ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးခြောက်ဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ဖြစ်ကြသော မသဲပွင့်ဖြူ၊ မစန္ဒာဌေး**(ယာပုံ)**နှင့် မမြတ်မိုးမွန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်က တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာ အောင်မြင်ကြသော ငါးဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသည့် မသည်းသည်းစုထက်၊ မဝတ်ရည်ဝင်း၊ မဟန်နီညိုဇော်၊ မမြတ်စုဟန်၊ မသက်မွန်မွန်စိုး၊ မခန့်ကြည်သာ၊ မဝတ်ရည်မွန်၊ မမြတ်ဖြိုးသူ၊ မရွှေအိဖြိုးနှင့် မောင်စိုးမိုးသူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးမြင့်ဦးက လေးဘာသာဂုဏ်ထူးရှင် ၁၂ဦးတို့အားလည်းကောင်း၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သုံးဘာသာဂုဏ်ထူးရှင် ၁၀ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက တစ်ဘာသာဂုဏ်ထူးရှင် ၄၀ တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆု

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုများရရှိကြသော (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲ ဒုတိယဆုရ ဒေါ်ဥမ္မာကျော်အား လည်းကောင်း၊ (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး အခြေခံပညာ အသက် ၁၀ နှစ်မှ ၁၅ နှစ်အဆင့် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံ စက်မှုကျွမ်းကျင်(၄) ဦးမြင့်စိုး၏သား မောင်ခင်မောင်ချစ် အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် မြို့နယ်မှအဖွဲ့ဝင်များ မိသားစုစကားဝိုင်းအသွင် ရင်းနှီးစွာဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က သန်လျင်မြို့ ပရဟိတ သီလရှင်စာသင်တိုက်သို့ ပစ္စည်းလေးပါးလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် မွန်းလွဲ၁၂နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင် များသည် သီလရှင်ဆရာကြီး၊ ဆရာလေးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေထံ သန်လျင်မြို့နယ် မြန်မာ့ရေနံရပ်ကွက် ရပ်ကွက်လုံးကျွတ် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က ပေးအပ်စဉ်။ (သတင်းစဉ်)

ဆုတောင်းမေတ္တာပို့သ

ယင်းနောက် သန်လျင်မြို့နယ် ပရဟိတသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ကေသာရီက ဦးဆောင်၍ ဆုတောင်း မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

အဆိုပြုလွှာလက်ခံ

ဆက်လက်၍ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကသည် မြို့နယ်အတွင်းရှိ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ပေးအပ်သည့် သန်လျင်မြို့နယ် မြန်မာ့ရေနံရပ်ကွက်၏ ရပ်ကွက်လုံးကျွတ် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိသားစုစကားဝိုင်းအသွင်ဖြင့် အမျိုးသမီးရေးရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိသားစုစကားဝိုင်းအသွင်ဖြင့် အမျိုးသမီးရေးရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မှုးယစ်ကင်းစင် အလှူဆင်

ကွယ်လွန်သူ ဦးမောင်မောင်–ဒေါ်ကြည်ယုန်၊ သမီး ဒေါ်ဌေးဌေးဝင်းတို့အားရည်စူး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဒေါ်မြမြ(စက္ကူဓာတ်ပုံမန်နေဂျာ)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က–ပ)

စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ လှိုင်သာယာမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း ဘိုးရာဇာခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၅ စုံ၊ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ အစုံ ၅၀ နှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၃၅ စုံတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း ထောက်ပံ့ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံယူကြသည်။

လက်ခံ

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းအေးက အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် **(အပေါ်ဝဲပုံ)**၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီ၊ ဘဏ္ဍာရေးဌာန ဌာနကြီးမှူး ဒေါ်အေးအေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က လှိုင်သာယာမြို့နယ် အတွင်းရှိအခြေခံပညာမူလတန်းကျောင်း ၄၇ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူကလေးများအား အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများကို မြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊ မြတ်လေးရံမိသားစုက အမှတ်(၃)၊ အမှတ်(၂၉)နှင့် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ် ၁၀ ဒါဇင်နှင့် ခဲတံ ၁၀ ဒါဇင်စီကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသို့ လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူကလေးများ ပညာသင်ကြားနေမှုကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် အမှတ်(၂၉)၊ အမှတ်(၃)နှင့်အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းများကို ကျန်းမာရေးနှင့်ညီညွတ်စေရန် စာသင်ခန်းများနှင့် ကျောင်းတွင်းပတ်ဝန်းကျင်တို့တွင် ဆေးမှုတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စန္ဒကူးမြိုင်သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့ စန္ဒကူးမြိုင်သာသနာ့ရိပ်သာ (ရဋ္ဌပါလ)တွင် (၆)ကြိမ်မြောက် ရက် ၆၀ တရားစခန်းကို ၁၃၆၈ ခု (တော်သလင်းလပြည့်နေ့) စက်တင်ဘာ ၆ ရက်တွင် စတင်မည်ဖြစ်ရာ စစ်ကိုင်းတိုင်း ဝက်လက်မြို့ ဆဋ္ဌမမြောက် ရှိန်းမကားဆရာတော် ဘဒ္ဒန္တ သူရိယက ကန္နီဥပနိဿယျ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ မောင်းထောင် မြေဇင်းဆရာတော်ကြီး၏နည်းဖြင့် ဟောကြားမည် ဖြစ်သည်။ မောင်းထောင်မြေဇင်းဆရာတော်ကြီး၏ နည်းဖြင့် စစ်ကိုင်းတိုင်း ဘုတလင် မောင်းထောင် မြေဇင်းတောရ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် ရန်ကင်းအေးငြိမ်းရိပ်သာ၊ ရန်ကုန်တိုင်း၊ မှော်ဘီမြို့ စန္ဒကူးမြိုင်(ရဋ္ဌပါလ)ရိပ်သာနှင့် တနင်္သာရီတိုင်း ထားဝယ်မြို့ စန္ဒကူးမြိုင်ရိပ်သာတို့၌ ရက် ၆၀ တရားစခန်းများ ဖွင့်လှစ် တရားပြသမည်ဖြစ်ရာ တရားဝင်မည့် ယောဂီများ ဖုန်း-၅၁၁၃၁၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး **ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ဘိုးဘိုးအငြိမ်းစား ရဲမှူးချုပ်တင်စိုး (ငြိမ်းချမ်းဦး)နှင့် ဘွားဘွား ဒေါ်အမာတင် (တက္ကသိုလ်-လှိုင်ကြည်ဖြူ) တို့အားအမှူးထား၍ မြေးလေး ဆုပြည့်စုံလှိုင် (Hlaing Kyi Phyu Dhamma Vira Publishing House & e-Library) ၏ တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီဝင် ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါခေါင်လကွယ်နေ့ (ဥပုသ်နေ့)
၂၂-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ဝါဆိုမိုးဆမ်းကန်တော့ပန်း
၇း၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Islands of Dhamma
၈း၅၀ ၁၀။ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ထားဝယ်မြို့ တနင်္သာရီတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀ ၆။ **"ဟွန်းသံ"** (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇း၁၅ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ဝါသနာရှင်အဆင့်] (အမျိုးသမီး)
၁၇း၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၂)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှုလိုင်နံနက်ခင်း"** (အပိုင်း-၂၀)
၁၉း၅၀ ၁၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၂၂)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၂၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၂၂ ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ တိုးလာနိုင်သည်ဟု သိရသည်။
(မြန်မာ့အလင်း)

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသမီး (က)အုပ်စုတွင် ဧရာဝတီတိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်းက ရခိုင်ပြည်နယ်ကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကယားပြည်နယ်က ပဲခူးတိုင်းအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်သို့ အုပ်စုဒုတိယဖြင့် တက်ရောက်သွားကြသည်။

အမျိုးသားပြိုင်ပွဲ (ခ)အုပ်စုတွင် ဧရာဝတီတိုင်းက မကွေးတိုင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ဂ)အုပ်စုတွင် မွန်ပြည်နယ်က ကချင်ပြည်နယ်ကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ (ဃ)အုပ်စုတွင် ပဲခူးတိုင်းက ကယားပြည်နယ်ကို သုံးပွဲ-တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်သို့ အုပ်စုဒုတိယဖြင့် တက်ရောက်သွားကြသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၂ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးကွာတားဖိုင်နယ်

ရန်ကုန်တိုင်း နှင့် ဧရာဝတီတိုင်း
မန္တလေးတိုင်း နှင့် ကယားပြည်နယ်

အမျိုးသားကွာတားဖိုင်နယ်

မန္တလေးတိုင်း နှင့် ရခိုင်ပြည်နယ်
ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ဧရာဝတီတိုင်း။ (မြန်မာ့အလင်း)

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် မကွေးတိုင်းအသင်း၏ ရိုက်ချက်ကို ဧရာဝတီတိုင်းအသင်းက ပိတ်ဆို့ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ယူအက်စ်ပီဂျီအေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် ပြိုင်ဘက်များကိုဦးဆောင်နေ

မက်ဒီနက်(အမေရိကန်) ဩဂုတ် ၂၁

ယူအက်စ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်အဖြစ် ဩဂုတ် ၁၉ရက်က အမေရိကန်နိုင်ငံ မက်ဒီနက်ဂေါက်ကလပ်၌ ကျင်းပခဲ့ရာ နာမည်ကြီး တိုက်ဂါးဝုဒ်နှင့် အင်္ဂလန်သား လူကီဒေါ်နယ်တို့သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ချက်စီလျှော့ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်နေသည်။

ယင်းတို့နှစ်ဦးသည် တတိယနေ့ပွဲစဉ်အပြီး နှစ်ချက်အသာရပြီး နောက်ဆုံး အကျော့ပြိုင်ပွဲသို့ ရောက်ရှိသွားပြီးဖြစ်သည်။

လျှော့ရိုက်နိုင်

လူကီဒေါ်နယ်သည် ဩဂုတ်၁၉ ရက်က ၆၆ချက်သာ ရိုက်ခဲ့၍ ခြောက်ချက်လျှော့ရိုက်နိုင်ခဲ့သည်။

ထိုနေ့ စောစောပိုင်းက တိုက်ဂါးဝုဒ်သည် ၆၅ချက်ရိုက်ခဲ့သဖြင့် သတ်မှတ် ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်နိုင်ခဲ့သည်။

တတိယလိုက်

ကနေဒါမှ မိုက်ဝေယာက ၆၅ချက်ရိုက်ကာ သုံးရက်ရိုက်အပြီး သတ်မှတ်ရိုက်ချက်ထက် ၁၂ချက် လျှော့ရိုက်နိုင်သဖြင့် တတိယနေရာမှ လိုက်နေသည်။

ယူအက်စ်အိုးပင်း ချန်ပီယံဂျော့ဖ်အိုဂျေးဗီက ပထမနှစ်ရက်တွင် တိုက်



ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်။

ဂါးဝုဒ်နှင့်အတူ လက်ရည်တူ ကစားနိုင်ခဲ့သည်။

စပိန်မှ ဆာဂျီယိုဂါစီယာနှင့် ၂၀၀၃ ခုနှစ် ယူအက်စ်ပီဂျီအေချန်ပီယံ ရှောင်အန်မစ်ချဲလ်တို့က တတိယနေ့ ပြိုင်ပွဲအပြီး ၁၀ချက်စီလျှော့ရိုက်နိုင်ခဲ့သည်။ တောင်ကိုရီးယားမှ ကေဂျေချွိုင်းက ကိုးချက်လျှော့ရိုက်ထားသည်။

အသက် ၃၀အရွယ်ရှိ တိုက်ဂါးဝုဒ်သည် မကြာသေးမီက ကြီးလေးကြီးပြိုင်ပွဲထဲမှ ဗြိတိသျှအိုးပင်း ဖလားကို ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ ၎င်းသည် ယခုအခါ အဓိက ကြီးလေးကြီး ဖလား ၁၁လုံးကို ဆွတ်ခူးနိုင်ခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ရေးသားတင်ပြသူ

မြင့်မောင်ခိုး

ကမ္ဘာ့ ပြေးခုန်ပစ်ပြိုင်ပွဲ

တရုတ်အပြေးသမားနှစ်ဦး ရွှေနှင့်ငွေရ

ပေကျင်း ဩဂုတ် ၂၁

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော အိုင်အေအေအက်ဖ် ကမ္ဘာ့ဂျူနီယာ ချန်ပီယံရှစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲ၌ တရုတ်နိုင်ငံသားများ ဖြစ်ကြသည့် ဘိုရှန်ဒေါင်းနှင့် ဟူယန်ကျန်ဂုတို့သည် ရွှေနှင့်ငွေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်။

ဘိုရှန်ဒေါင်းသည် အဆိုပါမီတာ ၁၀၀၀၀ပြိုင်ပွဲတွင် ၄၂မိနစ် ၅၀ ဒသမ ၂၆စက္ကန့်ဖြင့် ပထမရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ဟူယန်ကျန်ဂုက ၄၃မိနစ်၁၃ ဒသမ ၂၉စက္ကန့်ဖြင့် ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ဂျပန်နိုင်ငံမှ ဆူဇူကီးယူဆုကီက ၄၃မိနစ် ၄၅ဒသမ၆၂စက္ကန့်ဖြင့် ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

အချိတ်အဆက်မိသော ရွန်နေနှင့်စီရိုနယ်ဒိုအတွဲ မန်နေဂျာ ဖာဂူဆန် ချီးကျူးစကားဆိုခဲ့

လန်ဒန် ဩဂုတ် ၂၁

မန်ယူက ဖူလ်ဟမ်အသင်းကို ပရီမီယာလိဂ်အဖွင့်ပွဲတွင်ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိရာ၌ စီရိုနယ်ဒိုနှင့် ရွန်နေတို့ မွေနှောက်ခြေစွမ်းပြခဲ့မှုကြောင့် နည်းပြ ဆာအလက်ဇ် ဖာဂူဆန်က အလွန်တော်သည့် ကစားသမားများဖြစ်ကြောင်း ချီးကျူးစကားဆိုလိုက်သည်။

ယင်းတို့နှစ်ဦးသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အဆင်မပြေဖြစ်ခဲ့ပြီးနောက်ပထမဆုံးအကြိမ်တစ်သင်းတည်းကစားသမားများအဖြစ် ကစားခဲ့ကြခြင်းဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်

အကွက်ကျကျ

အဆိုပါ ကစားသမားနှစ်ဦးသည် အချိတ်အဆက်မိမိ၊ အကွက်ကျကျ ကစားခဲ့ကြသည်ကို တွေ့ရကြောင်း၊ အကောင်းဆုံး တွဲဖက်ညီသော အတွဲဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ပရိသတ်များက ယင်းတို့အတွဲကို စောင့်ကြည့်နေကြရာ စီရိုနယ်ဒိုအား လှောင်ပြောင်နေခြင်းကိုလည်း အဆုံးသတ်စေခဲ့သည်။

ဂိုးသွင်း

အိုးထရက်ဖို့ဒ်အိမ်ကွင်း၌ မန်ယူအသင်းအတွက် ရွန်နေက နှစ်ဂိုးသွင်းပေးပြီး စီရိုနယ်ဒိုက တစ်ဂိုးသွင်းပေးခဲ့သည်။ ပရီမီယာလိဂ် အဖွင့်ပွဲတွင် မန်ယူတို့ ရလဒ်ကောင်းခဲ့၍ ဖာဂူဆန်အတွက် ရာသီအဖွင့်ပွဲ၌ မျက်နှာပန်းလှစေခဲ့သည်။ **(အင်တာနက်)**

မိမိအသင်းအံ့အားသင့်ဖွယ်ကောင်းအောင် ကစားခဲ့ဟု မော်ရင်ဟို ကြွားလုံးထုတ်

လန်ဒန် ဩဂုတ် ၂၁

ဩဂုတ်၂၀ရက်က ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ချယ်လ်ဆီးက မန်စီးတီးကို သုံးဂိုးပြတ်အနိုင်ယူခဲ့သည့် ကစားပုံမှာ မိမိပင်အံ့အားသင့်ခဲ့ရကြောင်း မော်ရင်ဟိုက ကြွားလုံးထုတ်လိုက်သည်။

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို။

မိမိအသင်းကစားပုံမှာ ကောင်းလွန်းသဖြင့် နှိုင်းပြစရာစကားပင် မရှိကြောင်း၊ မိမိကိုယ်တိုင်ပင် မထင်မိခဲ့ကြောင်း၊ တစ်ဖက်အသင်းမလှုပ်နိုင်အောင် ကစားခဲ့သလို ထိုးဖောက်ကစားမှုအပိုင်းတွင်လည်း ပြောစရာမရှိကြောင်း၊ အထူးသဖြင့် ဒရော့ဘာခေါင်းတိုက်သွင်းယူလိုက်သည့်ဂိုးမှာ မျက်လှည့်ပြလိုက်သလိုပင် ဖြစ်ရသည်ဟု မော်ရင်ဟိုက ပြောကြားသည်။

မိမိတို့အတွက်

ယခုအတိုင်းကစားခဲ့ပါက နောင်ဘောလုံးရာသီနှစ်ခုခန့်အထိ ချယ်လ်ဆီးကိုအနိုင်ယူမည့် အသင်းရှိမည်မဟုတ်ကြောင်း၊ ပရီမီယာလိဂ်ချန်ပီယံဆုမှာ မိမိတို့အတွက်ပင် ဖြစ်နေမည်ဟု မော်ရင်ဟိုကပြောကြားလိုက်သည်။

တားဆီးနိုင်မည်မဟုတ်

ချယ်လ်ဆီး၌ အချို့ကစားသမားများ ဒဏ်ရာရရှိနေကြကြောင်း၊ သူတို့အားလုံး ကြံ့ခိုင်မှုရှိလာလျှင် ချယ်လ်ဆီးအသင်းကို မည်သည့်အသင်းမျှ ယှဉ်နိုင်တော့မည်မဟုတ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

မန်ယူအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့မှုအပေါ် မော်ရင်ဟိုက အချို့အသင်းများလည်း ခြေစွမ်းပြနိုင်ကြပါကြောင်း ခပ်ပေါ့ပေါ့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဖာဂူဆန်က အိုဝင်ဟားဂရေ့ဗ်အား ခေါ်ယူရန် ဆန္ဒရှိဆဲ

လန်ဒန် ဩဂုတ် ၂၁

မန်ယူနည်းပြ ဆာအလက်ဇ်ဖာဂူဆန်သည် ဘိုင်ယန်မြူးနစ်မှ ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်အား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

မစဉ်းစားနိုင်

အသက် ၂၅ နှစ်အရွယ် ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်က လောလောဆယ်အချိန်၌ ဘွန်ဒက်စ်လီဂါ ပွဲစဉ်များ ကစားရန် အာရုံစိုက်ထားရသဖြင့် ယင်းကိစ္စကို မစဉ်းစားနိုင်ကြောင်း ပြောကြားသည်။

ကြိုးစားလျက်ရှိ

မိမိအနေဖြင့် အိုဝင်ဟားဂရေ့ဗ်နှင့် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း၊ သို့ရာတွင် ဘိုင်ယန်မြူးနစ်က သဘောတူ လက်ခံမှုမရှိဘဲ ငြင်းပယ်လျက်ရှိနေကြောင်း ဖာဂူဆန်ကပြောကြားသည်။

သုံးသပ်

ယခုနှစ် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် မန်ယူတို့ ဖူလ်ဟမ်ကို ငါးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့ပြီးနောက် မန်ယူကွင်းလယ်အားနည်းချက်ကို ထပ်မံဖြည့်ဆည်းရန်လိုအပ်ကြောင်း ဖာဂူဆန်က သုံးသပ်ခဲ့ပြီး ယခုကဲ့သို့ ဟားဂရေ့ဗ်အား ခေါ်ယူမှုကိုစိုင်းပြင်းလာရခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုဝင်ဟားဂရေ့ဗ်

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

တောင်အာဖရိကဘောလုံးအသင်း နည်းပြတာဝန် ဘရာဇီးနည်းပြဟောင်း ပရဲရား လက်ခံလိုက်ပြီ

လန်ဒန် ဩဂုတ် ၂၁

ဘရာဇီးအသင်းနည်းပြဟောင်း ကာလို့စ်အယ်ဘာတိုပရဲရားသည် တောင်အာဖရိကနည်းပြတာဝန်ကို လက်ခံလိုက်ပြီဖြစ်ရာ တောင်အာဖရိကအသင်းအား စတင်ကိုင်တွယ်တော့မည်ဖြစ်သည်။

သို့သော် တောင်အာဖရိကဘောလုံးအသင်းအား လာမည့်ဖေဖော်ဝါရီလ အထိ နည်းပြအဖြစ် တာဝန်ယူဦးမည် မဟုတ်ကြောင်း အသက်၆၃နှစ် အရွယ်ရှိ ပရဲရားက ပြောကြားသည်။

ဆုံးဖြတ်

မိမိအနေဖြင့်ကမ်းလှမ်းမှုအများအပြားကြားမှ တောင်အာဖရိက နည်းပြတာဝန်ကို လက်ခံရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

ပရဲရားသည် ဖေဖော်ဝါရီလ အထိ တောင်အာဖရိကနည်းပြတာဝန်ကို စတင်ကိုင်တွယ်ခြင်းမပြုသည်မှာ ၎င်း၏ မြေးငယ်နှင့်အတူနေထိုင်ချိန် ရယူခြင်းပင်ဖြစ်ကြောင်း ပရဲရား၏ ဇနီးက ပြောကြားသည်။ မိမိအနေဖြင့် မိသားစုနှင့်အတူ နေထိုင်ရသည့်အချိန်ကို ရယူခြင်းဖြစ်ကြောင်း၊ ယင်းကို တောင်အာဖရိကဘောလုံးအဖွဲ့က နားလည်သဘောပေါက်ကြောင်း ပရဲရားက ပြောကြားသည်။ ပရဲရားအနေဖြင့် တောင်အာဖရိကဘောလုံးအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ရာ လေးနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅သန်းရရှိမည်ဟု မီဒီယာများက ခန့်မှန်းထားသည်။ ပရဲရားသည် ဂါနာ၊ကူဝိတ်၊ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် ဘရာဇီးအသင်းနည်းပြများအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကာလို့စ်အယ်ဘာတိုပရဲရား

လမ်းပတ် ချယ်လ်ဆီး၌အမြဲတမ်းကစားမည်ဟုဆုံးဖြတ်

လန်ဒန် ဩဂုတ် ၂၁

အင်္ဂလန်အသင်း ကွင်းလယ်ကစားသမားနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ချယ်လ်ဆီးအသင်း၌သာ အမြဲတမ်းကစားပြီး ဘောလုံးသမားဘဝအဆုံးသတ်ရန်ဆုံးဖြတ်လိုက်ကြောင်း ပြောကြား သည်။အသက်၂၈နှစ်အရွယ်ရှိ လမ်းပတ်သည် ၂၀၀၅ခုနှစ်က ဘာစီလိုနာကလပ်နှင့်ဆက်သွယ်ခဲ့သူတစ်ဦးဖြစ်ပြီးပြောင်းရွှေ့ရန်ကြိုးစားခဲ့ဖူးသည့် ကစားသမားဖြစ်သည်။ ယခုအခါ ချယ်လ်ဆီး အသင်းသည် မိမိအတွက် အသင့်လျော် ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟုလမ်းပတ်ကပြောကြားသည်။

မိမိအနေဖြင့် ချယ်လ်ဆီးနှင့် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ ချယ်လ်ဆီး၌ ကစားရခြင်းသည် မိမိ အောင်မြင်မှုကို ရရှိစေကြောင်းလည်း ၎င်းက ပြောကြားသည်။ ၂၀၀၄ခုနှစ်တွင် ချယ်လ်ဆီး၌ စတင်ကစားခဲ့သော ဖရန့်လမ်းပတ်သည် ယခုအခါ ချယ်လ်ဆီးနှင့် ငါးနှစ်စာချုပ်ထပ်မံချုပ်ဆိုထားသူဖြစ်သည်။ မိမိ ဘောလုံးသမားဘဝကိုချယ်လ်ဆီး၌သာကုန်ဆုံးရန်နှင့် မည်သည့်ကလပ်အသင်းကိုမျှ ပြောင်းရွှေ့ခြင်း မပြုရန် ဆုံးဖြတ်ထားကြောင်း လမ်းပတ်ကပြောကြားသည်။ **(အင်တာနက်)**

အသက်(၉၀)ပြည့် မွေးနေ့ဆုမွန်

ကျေးဇူးရှင်ဖေဖေကြီး **ဦးအောင်ဖေ**၏ ဩဂုတ်လ ၂၂ရက် (ဝါခေါင်လကွယ်နေ့)တွင် ကျရောက်သော အသက်(၉၀)ပြည့် မွေးနေ့မင်္ဂလာနေ့ရက်တွင် ဖေဖေကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၊ ကျန်းမာစွာဖြင့် နောင်နှစ်ပေါင်းများစွာ ချစ်ဇနီး၊ သားသမီး၊ မြေးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာနေရပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။ [နှစ်(၉၀)ပြည့်မွေးနေ့မှသည် ရာပြည့်မွေးနေ့ ဆီသို့ ရည်မှန်းလျက်]

ချစ်ဇနီး – ဒေါ်သန်းနွဲ့
သားကြီး – ဦးဖုန်းမြင့်–ဒေါ်သန်းသန်းအေး
သမီးကြီး – ဒေါ်ခင်ဝင်းကြူ–ဒေါက်တာဝင်းမွန်
သမီးငယ် – ဒေါက်တာဆွေဆွေအေး–ဒေါက်တာလှမြင့်
သားငယ် – ဒေါက်တာစိုးဝင်း–ဒေါ်လေးလေးမြင့် နှင့် ချစ်မြေးများ။

အထက(၁)တောင်ကြီး အာစရိယပူဇော်ပွဲ

တောင်ကြီးမြို့ အထက(၁)တွင် ၁၉၄၅ခုနှစ်မှ၁၉၉၀ပညာသင်နှစ်များအတွင်း ပညာ သင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာ၅ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်နေ့)တွင် တောင်ကြီးမြို့ အထက(၁)၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ပါသဖြင့် ၁၉၄၅–၁၉၉၀နှစ်များအတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများ အောက်ပါပုဂ္ဂိုလ်များထံတွင် လာရောက်ဆက်သွယ် ကူညီနိုင်ရန် နှိုးဆော်အပ်ပါသည်။ **ဖြစ်မြောက်ရေးကော်မတီ။**

ရန်ကုန်

ကိုကျော်သိန်း(ဟံသာဝတီကားပွဲစားတန်း) ၀၉–၅၁–၆၀၉၇၇။
ကိုနိုင်ထွေး(မေတ္တာရှင်ထီရောင်းဝယ်ရေး) ၀၉–၅၁–၃၉၉၆၉။
ကိုကိုလတ်(Centralအလူမီနီယံလုပ်ငန်း) ၀၉–၅၁–၂၀၅၄၁။
ကိုမျိုးသိန်း(ရွှေပြည်သာ) ၀၉–၅၁–၂၂၉၁၃။
ကိုစိုးနိုင်(စာပေလောက–၄)၀၁–၅၄၉၇၁၅။
ကိုဘိုဖြူ(တေးသံရှင်)၀၉–၅၁–၁၃၉၅၅။
ကိုတေဇအောင်(အမှတ်တရ) အင်းလေးစားသောက်ဆိုင် ၀၉–၅၀–၁၉၂၂၁။

တောင်ကြီး

ကိုထွန်းလွင်(တောင်ကြီးဧည့်ရိပ်သာ) ၀၉–၅၁–၄၃၁၂၉၊ ၀၈၁–၂၁၃၃၃။
ကိုမောင်မောင်လှ(ရန်အောင်စတိုး) ၀၈၁–၂၃၇၂၀၊ ၀၈၁–၂၁၆၅၃။
ခွန်ဝင်းကြည်(ခ)ကိုတူး ၀၉–၅၂–၁၀၂၃၅။
ကိုဝင်းတင့်(Seven eleven လက်ဖက်ရည်ဆိုင်) ၀၉–၅၂–၁၀၆၃၈၊ ၀၈၁–၂၃၀၂၂။
ကိုဆန်းကြည်(ခ)မောင်ကောင်း ၀၉–၅၂–၁၂၇၉၃။
ကိုဌေး(Cinderella) ၀၉–၅၂–၁၀၈၀၈၊ ၀၈၁–၂၂၅၀၂။
မဝင်းမင်းသူ(မြန်မာအိမ်မွှေ) ၀၉–၅၂–၁၃၀၂၁၊ ၀၈၁–၂၄၃၀၁။

ကျိုင်းတုံ

ကိုအလီ(ရွှေနှင်းဆီဘိလပ်ရည်) ၀၈၄–၂၁၇၇၅။
စိုင်းဟွမ် ၀၉–၅၂–၅၀၆၁၄။

မန္တလေး

စိုင်းသီဟ ၀၉–၅၁–၅၇၆၅၉။
ကိုငွေလှိုင် ၀၉–၂၀–၀၅၂၀၇။
ကိုရာဇအောင်(မြင့်မြင့်ခင်ထိုးမုန့်) ၀၉–၂၀–၀၄၅၇၄။

တိုင်းသမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့ စာရင်းရှင်းဆဲ "မြန်မာ့လျှပ်စစ်အလင်းရောင်သမဝါယမအသင်းလီမိတက်"မှ ရရန်ရှိသူ မြီရှင်များက မိမိတို့ရရန်ရှိသည်များတောင်းခံရန်

ကြော်ငြာစာ

၂၀၀၆ခုနှစ်၊ ဩဂုတ်လ ၂၁ရက်။

အများသိရှိစေရန်ကြော်ငြာအပ်ပါသည်။

၁။ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ မြန်မာ့လျှပ်စစ်အလင်းရောင် သမဝါယမအသင်းလီမိတက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက (၁၁–၈–၂၀၀၆)ရက်စွဲပါ အမိန့်အမှတ်(၆၄)ဖြင့် အမိန့်ချမှတ်ပြီးဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ မြန်မာ့လျှပ်စစ်အလင်းရောင်သမဝါယမအသင်းလီမိတက်ထံမှ ငွေကြေး(သို့မဟုတ်)ပစ္စည်းတစ်စုံတစ်ရာ ရရန်ရှိသူ အသင်း၏မြီရှင်များသည် မိမိတို့ရရန်ရှိသည့် ငွေ(သို့မဟုတ်)ပစ္စည်းများကို ရလိုကြောင်း ခိုင်လုံသော သက်သေခံ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူ အသင်း၏စာရင်းရှင်းတာဝန်ခံထံသို့ ၂၈–၈–၂၀၀၆ရက် နောက်ဆုံးတင်ပြ တောင်းခံကြပါရန် နှိုးဆော်ပါသည်။

၃။ အပိုဒ်(၂)တွင် သတ်မှတ်ထားသောနေ့ရက်ကျော်လွန်မှ လက်ခံရရှိသော တောင်းခံချက်များကို လက်ခံစဉ်းစားလိမ့်မည် မဟုတ်ပါကြောင်း ကြိုတင် အသိပေး နှိုးဆော်အပ်ပါသည်။

အဖွဲ့ခေါင်းဆောင်
စာရင်းရှင်းတာဝန်ခံအဖွဲ့
(စိန်ဝင်း)
မြန်မာ့လျှပ်စစ်အလင်းရောင်သမဝါယမအသင်းလီမိတက်
ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန။

ဘုရားဖြူစာတော်ပြန်ပွဲ ဝင်ခွင့်ပုံစံထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းလုံး ဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူး၍ နတ်တော်လတွင်ကျင်းပမည့် (၇၅)ကြိမ်မြောက် စိန်ရတုဘုရားဖြူစာတော်ပြန်ပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ကျောင်းတိုက်အသီးသီးတွင် ဝါကပ်တော်မူကြသော သံဃာတော်များ၊ သာမဏေများသည် စာချတန်း၊ အကြီးတန်း၊ အငယ်တန်း၊ မူလတန်း ဝင်ခွင့်လျှောက်လွှာပုံစံများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူစာသင်တိုက်အတွင်းရှိ အသင်းရုံးခန်း၌ ရုံးချိန်အတွင်း ကြွရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်းနှင့် နောက်ဆုံးသတ်မှတ်ရက်မှာ စက်တင်ဘာ၂၁ရက် (တော်သလင်းလကွယ်နေ့)ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရမည်းသင်းမြို့၊ ဝါတိုးအလယ်ရပ်၊ သီလဝလမ်း၊ အိမ်အမှတ် တ/၁၇၀ နေ ဦးမာလာဆင်းက ညီတော်သူ ဦးသာလှိုင်သို့ ၆–၅–၁၉၅၈ ရက်က လုပ်ပိုင်ခွင့်အရပ်ရပ်အတွက် ကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးခဲ့ပါသည်။သို့သော် ယနေ့ ၂၁–၈–၂၀၀၆ရက်တွင် အထက်ပါကိုယ်စားလှယ်လွှဲစာသည် မလိုအပ်တော့ပါသဖြင့် ယနေ့ ၂၁–၈–၂၀၀၆ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမာလာဆင်း ၉/ရမသ(နိုင်)၀၉၂၆၂၀
အိမ်အမှတ် တ/၁၇၀၊ သီလဝလမ်း၊
ဝါတိုးအလယ်ရပ်၊ ရမည်းသင်းမြို့။

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၂)ဒဂုံ၊ တက္ကသိုလ်ဝင်တန်း(C)တွင် ပညာသင်ကြားနေသော အဖ ဦးသိန်းချစ်၏သား မောင်ချစ်ကိုကိုအား ယနေ့မှစ၍ မောင်ချစ်ကိုကိုဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချစ်ကိုကိုဝင်း။**

H.P ကောက်ရသူ(လှိုင်သာယာ)

ကျွန်တော်၏ H.P သည် ကောင်းမြတ်မွန်ဆေးခန်းအနီး ၁၈–၈–၂၀၀၆ ရက်တွင်ပျောက်ဆုံးသွားပါသဖြင့် အမြန်ဆုံးပြန်လည်ဆက်သွယ်ပါက ကျေးဇူးဆပ်ပါမည်။ **ဦးထွန်းထွန်း**
ဖုန်း–၀၉–၅၁–၆၁၇၉၀၊ ၀၁–၅၁၁၅၂၅။

ရှာရန်ရာနှုန်း ၇၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

၂၀၀၆ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် စံပြရဲ ရေးဖြေစာမေးပွဲ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ကြည့်ရှုအားပေးစဉ်။ (ပြည်ထဲရေး)

မြန်မာနိုင်ငံ ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများ မော်လ်ဒိုက်နိုင်ငံလေ့လာရေးအဖွဲ့ ကွင်းဆင်းလေ့လာမည်

ရန်ကုန် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး အဆင့်မြှင့်တင်ရေးသင်တန်းသို့ တက်ရောက်လေ့လာကြသည့် မော်လ်ဒိုက်နိုင်ငံမှ လေ့လာရေးအဖွဲ့အား ကြိုဆိုပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေး) ဒေါက်တာစံရွှေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များသည် ကျောင်းကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများ ပြသထားသည့် ပြခန်းငယ်ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မော်လ်ဒိုက်နိုင်ငံလေ့လာရေးအဖွဲ့ဝင်များအား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များက မြန်မာနိုင်ငံ၏ကျောင်းကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ကွင်းဆင်း

အဆိုပါ မော်လ်ဒိုက်နိုင်ငံလေ့လာရေးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင်ယနေ့မှစ၍ ငါးရက်ကြာလေ့လာကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသော ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၊ တိုက်ကြီးမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၊ ယင်းတိုက်ကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းနှင့် ပုဏ္ဏားစု အခြေခံပညာမူလတန်းကျောင်းများသို့ ကွင်းဆင်းသွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့်စံပြရဲ ရေးဖြေနှင့်ရဲကျင့်ဝတ်စာမေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင် အဆင့်အတန်းများအားလုံး ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ရဲလုပ်ငန်းများတွင် နှံ့စပ်ကျွမ်းကျင်ရေး၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိရေးနှင့် တပ်ဖွဲ့စိတ်၊ ရဲဘော်စိတ်မြင့်မားရေးတို့အတွက် စံပြရဲနှင့် ရဲကျင့်ဝတ် စာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့သည့် အစဉ်အလာအတိုင်း ၂၀၀၆ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် စံပြရဲ ရေးဖြေစာမေးပွဲကို ဩဂုတ် ၁၉ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၊ ပြည်နယ်၊ တိုင်း တပ်ရင်း၊ တပ်ဖွဲ့နှင့် လေ့ကျင့်ရေးကျောင်းများမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၂ဦးတို့ကလည်းကောင်း၊ ဩဂုတ်၂၀ရက်တွင် အဆိုပါခန်းမ၌ပင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုအဆင့် ရဲကျင့်ဝတ်စာမေးပွဲကို တပ်ဖွဲ့ဝင် ၁၆၄ဦးတို့ကလည်းကောင်း ဝင်ရောက်ဖြေဆိုကြသည်။

အားပေး

စံပြရဲနှင့် ရဲကျင့်ဝတ်စာမေးပွဲများ ကျင်းပရာသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ **(အပေါ်ပုံ)**၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် အရာရှိကြီးများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲကော်မတီက ကြီးမှူးကျင်းပသော ပဉ္စမအကြိမ် သွေးလှူဒါန်းပွဲကို ဩဂုတ်၃၀ရက်တွင် ဈေးသာယာရေး ကော်မတီရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဘုရင့်နောင်ဈေးကြီးအနေဖြင့် ယခင်က လေးကြိမ်လှူဒါန်းခဲ့ရာတွင် အမျိုးသားသွေးလှူဘဏ်သို့ သွေးပုလင်း ၈၂၄ ပုလင်းနှင့် ငွေကျပ်၂၇သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

သွေးလှူဒါန်းလိုသူများသည် သွေးလှူဒါန်းပွဲကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း–၇၂၆၂၆၉နှင့် အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း–၀၉–၅၁–၆၉၀၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

လှိုင်သာယာမြို့နယ်မှကျောင်းသားကျောင်းသူများအား ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၂၁

လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် World Vision တို့၏ ညှိနှိုင်းချက်အရ ၂၀၀၆ခုနှစ် ဇူလိုင် ၁၁ရက်မှ ဩဂုတ် ၂၀ရက်အထိ ကျောင်းဖွင့်ရက်များတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန် ၂၅ဦး၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဒေသန္တရကျန်းမာရေးဌာနတို့မှ သွားဘက်ဆိုင်ရာ ဆရာဝန်နှစ်ဦး၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် World Vision မှဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ကွင်းဆင်းကြပြီး အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများအပါအဝင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ မူလတန်းကြိုကျောင်းများ စုစုပေါင်း ၅၄ ကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၄၉၁၂၂ဦးတို့အား တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းစသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ်နှစ်ကြိမ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

ရွှေတောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားဆောင် ခန်းမ၌ အသင်း သားဖွားဆောင်တွင် အသုံးပြုရန် ငွေကျပ် ၂၂၅၀၀၀ တန်ဖိုးရှိ ချုံစုပ်စက်ကို ဩဂုတ် ၁၉ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်ကြီးမြို့နယ် သိဒ္ဓိအောင် ရတနာမုနိစေတီတော် စိန်ဖူး၊ ငှက်မြတ်နားနှင့် ရွှေထီးတော်တင်လှူပူဇော်

မန္တလေး ဩဂုတ် ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အရှေ့ဘက် ရန်ကင်းတောင်အနီး ပုသိမ်ကြီးမြို့နယ်ရှိအတုလမဟာမြကျောက်ကျောင်း သိဒ္ဓိအောင်ရတနာမုနိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အမွေးနံ့သာပူဇော်

ရှေးဦးစွာ အတုလမဟာမြကျောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရက ဦးဆောင်၍ တိုင်းမှူးနှင့် စိန်ဖူးတော် အလှူရှင် ဦးအေးမောင်(စိန်စမွာယ်ဖူး)၊ ဦးတင်ယု၊ ဒေါ်သိန်းတင်မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွေးနံ့သာများ ဖျန်းပက်ပူဇော်ကြသည်။

ဆက်လက်၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး တိုင်းမှူးနှင့် အလှူရှင်တို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီအထွတ်၌ တင်လှူပူဇော်ကြသည်။

ဆုတောင်း

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့က ဦးဆောင်၍ ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော အောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ပြီး အောင်မင်္ဂလာအမျှဝေ စာတမ်းကို ဖတ်ကြားကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတုလမဟာမြကျောက်ကျောင်း သိဒ္ဓိအောင်ရတနာ မုနိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တိုင်းမှူး၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြသည်။

ထို့နောက် တိုင်းမှူးသည် အတုလမဟာမြကျောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးအခြေခံ အိမ်တွင်းမှုသင်တန်းဆင်း

ဖလမ်း ဩဂုတ် ၂၀

ဖလမ်းခရိုင် ဖလမ်းမြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော အမျိုးသမီးအခြေခံအိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်း (၂/၂၀၀၆)၊ အခြေခံစက်ချုပ်သင်တန်း(၈/၂၀၀၆)၊ သိုးမွေးစက်ဆွဲသင်တန်း (၆/၂၀၀၆)၊ လက်ရက်ကန်းသင်တန်း (၆/၂၀၀၆)နှင့် ကနုကမာကျောက်စီ ပန်းချီသင်တန်း (၆/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၁၈ရက် နံနက် ၉ နာရီက အဆိုပါ ဖလမ်းမြို့သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားဖြင့် မြို့တွင်း အဓိကရေနုတ်မြောင်းများနှင့် မြစ်ငယ်ရပ်ကွက်အတွင်း ပိတ်ဆို့နေသော ရေမြောင်းတူးဖော်မှုကို ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့ ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပလက်ဖောင်းပြုလုပ်မှုကို ကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်စိုးစိုးယုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

အုတ်ဖိုမြို့မဈေး၌ စုပေါင်းသန့်ရှင်း

အုတ်ဖို ဩဂုတ် ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမှိုက်များစနစ်တကျသိမ်းဆည်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဩဂုတ် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးစန်းလွင်၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ၊ဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစန်းလွင်က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(၀၇၄)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
တော်သလင်းလဆန်း ၁ ရက်
၂၃–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဗျင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
–အဆင့်မြင့်ပညာအဆင့်–အမျိုးသမီး
(၁) မေတ္တာဟူသည်–ထား
(၂) ယောကျ်ားဆုပန်–လေဘာတီမြရင်
(၃) ရွှေမိုးရယ်မှောင်–တင်တင်မြ

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သဘာဝပတ်ဝန်းကျင် အသိပညာပေး ထိန်းသိမ်းရေး)

၁၂း၁၀ ယဉ်ကျေးမှု အနုပညာ (အမျိုးသားယဉ်ကျေးမှု–ပါမောက္ခ ဦးဇေမောင်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ငွေရှာခြင်း–ဒေါက်တာမြင့်သန်း–ညောင်လေးပင်)

၁၂း၃၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတသီချင်းကြီးများ)
–ပညာရှင်အဆင့်
(၁) ဝတီ နန်းသီချင်းခံ–ဒေါ်ကြည်ကြည်ဝင်း
(၂) လွမ်းခလေ့ပတ်ပျိုး–ရီရီသန့်

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ငယ်ပေါင်း
(၂) ပန်းလိုမွှေးပါစေ
(၃) မောင့်အချစ်က ငယ်နသစ်ဆဲ

၁၇း၃၀ အစာနှင့် အာဟာရ (သပြူသီး)

၁၇း၄၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ/တီးလုံးများ)
–ပညာရှင်အဆင့်(စောင်း)
(၁) သပြေပင်ဝန်းကြိုး
–ဝါသနာရှင်အဆင့်
(၁) ဟေမဝန်ချာဘွဲ့–ရီရီသန့်

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) လောကသဘာဝ ရယ်စရာများ (ဒေါက်တာသိန်းလွင်)
(၂) ကေန်မလွဲအောင်ပွဲဆီသို့–မိုးဟိန်း (သားဂျာနယ်ကျော်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (သီဟတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဥပုသ်နေ့ တိုင်း ဆွမ်းခံကြွပါဘုရားတေးစီးရီး)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တေးဖွဲ့လို့ပဲနေချင်တယ်
(၂) ဒီမျက်နှာလေး မြင်ဖူးတယ်
(၃) ငွေလမင်းသို့ ပေးစာ

မော်လမြိုင်အမှတ်(၈) အထက်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

မော်လမြိုင် ဩဂုတ် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးမောင်မောင်ညွန့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ မြို့နယ်ပညာရေးမှူး ဦးမျိုးတင်အောင်၊ နှင့် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးပိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးအပ်ပွဲကိုကျင်းပရာ ငါးနှစ်ဆက်တိုက် တက္ကသိုလ်ဝင်တန်း မွန်ပြည်နယ် အောင်ချက်အကောင်းဆုံးဆုကို ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဒေါ်နီနီသန်းက မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးပိုင်အား ချီးမြှင့်ပေးအပ်၍ **(အပေါ်ပုံ)**ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးပိုင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်မူမူမြင့်၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်၁၄ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၀ စုစုပေါင်း ၇၂ဦးနှင့် ၂၀၀၅–၂၀၀၆ ခုပညာသင်နှစ်တွင် ပညာထူးချွန်ဆုရသူများကိုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

တင်မြှောက်

ဆက်လက်၍ မိဘဆရာအသင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် အမှုဆောင်အသစ်များကို ရွေးချယ်တင်မြှောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်ခမ်းမြို့ ကောင်းဆာ–နမ့်ဆရီး ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၌ ဩဂုတ် ၁ရက်က ကျင်းပသော အမှုဆောင် အရာရှိနှင့် ရုံး ဝန် ထမ်း များ ကွန်ပျူတာ သင်တန်း ဖွင့် ပွဲ တွင် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ကွန်ပျူတာကျောင်း အုပ် ကြီးနှင့် နည်းပညာကောလိပ်မှ ဆရာများက သင်ခန်းစာများကို လက်တွေ့ပို့ချစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့တွင် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကျင်းပ

ပဲခူး ဩဂုတ် ၁၅

ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်းကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြပွဲကို ဩဂုတ် ၁၀ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုတို့ကို သရုပ်ပြသကြရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားအပြီးတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က ပြပွဲတွင် ပါဝင်ကူညီပြသသည့် ပဲခူးဒီဂရီကောလိပ်မှ ကျောင်းသူလေးများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(တိုင်းအမျိုးသမီးရေးရာအဖွဲ့)

စဥ့်ကူနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဝါဆိုသံဃာများအတွက် သင်္ကန်း၊ ဆွမ်းဆန်စိမ်းနှင့် ဆွမ်းဟင်းလောင်းလှူရန် လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင် ရှေးဟောင်းဆုတောင်းပြည့် စိန္တာမုနိစေတီကြီး စေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဒုတိယအကြိမ် စဥ့်ကူးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ သီတင်းသုံးတော်မူနေကြသည့် ဝါဆိုသံဃာတော် ၃၄၆ပါးနှင့် သီလရှင် ၁၄ပါးတို့ အား သင်္ကန်း၊ ဆွမ်းဆန်စိမ်းနှင့်ဆွမ်းဟင်းလောင်းလှူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် မွန်းလွဲ ၂နာရီက

အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးလှချော၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌဦးဘိုကြည်တို့က လှူဒါန်းရခြင်းအကြောင်းရင်းနှင့် စေတီတော်တွင် (၂၅)ကြိမ်မြောက် ငွေရတုဆီမီးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် အတန်းမှူး ဆရာမများက ကျောင်းသား၊ ကျောင်းသူများ၏ စုပေါင်းလှူဒါန်းသည့် တစ်ဘူးဆန် ၁၀အိတ်၊ အလှူငွေကျပ် သုံးသိန်းတစ်သောင်းငါးထောင်နှစ်ရာ**(အပေါ်ပုံ)** သတ္တမတန်းကျောင်းသူ မရွှန်းလဲ့ဦး၏ ဆွမ်းဆန်တော်တစ်အိတ်၊ သင်္ကန်းနှင့်ဖယောင်းတိုင်တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်းများ

ဂန့်ဂေါမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ အမှုဆောင်များ ပြန်လည်ရွေးချယ်

ဂန့်ဂေါ ဩဂုတ် ၂၁

ဂန့်ဂေါမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ မြို့နယ်အလုပ်အမှုဆောင်များ ပြန်လည် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ မကွေးတိုင်း ဗီဒီယိုစိစစ်ရေးကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်ဇော်လင်း၊ တိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌဦးတင်အောင်တို့က အမှာစကားပြောကြားကြပြီး တိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲအတွင်းရေးမှူး ဦးသန်းဝင်းနှင့် အမှုဆောင် ဦးညွန့်ဝေတို့က ရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးမြင့်စိုးပါဝင်သည့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ အလုပ်အမှုဆောင် ကိုးဦးကိုရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ကျောင်းကုန်း ဩဂုတ် ၁၇

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ၂၀၀၆ခုနှစ်အတွေ့အကြုံရှင်းလင်းပွဲနှင့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက်၉နာရီက ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးစံလှထွန်း (မြို့နယ်သတင်းထောက်)တို့က အမှာစကားပြောကြားကြပြီး စာပေညီလာခံအတွေ့အကြုံများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ဦးအောင်မြိုင် (ပန်းတနော်ကြည်လွင်)က ရှင်းလင်းပြောကြားသည်။

စုပေါင်းစိုက်ထူ

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်ကို ကမ်းနားလမ်းရှိ ပညာပါရမီ(မြို့မ) စာကြည့်တိုက်ရှေ့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက စုပေါင်းစိုက်ထူကြသည်။**(အပေါ်ပုံ)** **(၂၆၅)**

တွံတေးမြို့နယ် ကျောင်းများ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ကျောင်းပတ်ဝန်းကျင်ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က အခြေခံပညာအထက်တန်းကျောင်း ရှေ့၌ ကျင်းပစဉ်။ (၃၈၀)

သာယာဝတီခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

သာယာဝတီ ဩဂုတ် ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား၊ ရှစ်မြို့နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် ညနေ ၃နာရီက အုတ်ဖိုမြို့နယ် အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲအဖြစ် အုတ်ဖိုမြို့နယ်အသင်းနှင့် ကြို့ပင်ကောက်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ဆုပေးပွဲ ကျင်းပ

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် နေရာအလိုက် အကောင်းဆုံးဆုရသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ အုတ်ဖိုမြို့နယ်အသင်းအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ရေပေးရေးစက်ပစ္စည်းထိန်းသိမ်းသင်တန်းဖွင့်

ကောလင်း ဇူလိုင် ၃၀

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ကျေးလက်ရေပေးရေးစက်ရေတွင်းများနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆)သင်တန်းဖွင့်ပွဲကို ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် မြို့နယ်အမှုဆောင်အရာရှိဦးသန့်နိုင်က အမှာစကားပြောကြားပြီး အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်လီဌေးက စက်ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သင်တန်းပို့ချသည်။ **(၀၂၆)**

22-8 (16).p65 1 1/1/32, 12:44 PM

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၂၆၃ Nissan Avenir s/w ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဌေးရီ ၁၂/မဂတ(နိုင်) ၀၄၈၁၃၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အနောက်ပိုင်းခရိုင်ရုံး (သင်္ဃန်းကျွန်းမြို့နယ်)။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၇၂၃ ယာဉ်လက်ဝယ်ရှိသူ ဘဒ္ဒန္တ ရှင်ဥတ္တမ ၁၂/မဂဒ(သ) ၀၀၀၀၂၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်မြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၃၂၆၇ Yinxiang m/c ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၉/အမရ(နိုင်)၁၁၉၈၂၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ (မန္တလေး၊မြောက်ပိုင်း) မန္တလေးမြို့။**

မီးအိမ်သစ်
အကူသူနာပြုသင်တန်း

တန်းခွဲသစ် (၂၅-၈-၂၀၀၆) ရက်စမည်။

ညနေပိုင်းနှင့် စနေ၊တနင်္ဂနွေ တန်းခွဲများအတွက် စုံစမ်းနိုင်ပြီ။

ဆက်သွယ်ရန် - အမှတ် ၂၇၈၊ အနော်ရထာလမ်း၊
မော်တင်စျေးအနီး၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀-၁၀၁၅၆၊။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဝမ်းတွင်းမြို့နယ် ရွာတန်းအုပ်စု ရွာတန်းရွာနေ မောင်သန်းထိုက်အောင် ၉/ဝတန(နိုင်) ၀၃၃၁၉၈ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်လာသော ကိစ္စမှန်သမျှအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်အောင်မေ (ရွာတန်းရွာ)။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ မြို့နယ်အတွင်း မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့် ဝမ်းရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၁၉ရက်က ကန်နောက်ရပ်ကွက်အတွင်းရှိလမ်းများ၊ ကျောင်းများနှင့် ရေမြောင်းများ၌ ခြင်ဆေးဖျန်းကြစဉ်။ (သတင်းစဉ်)

ကြေးပိဋကတ်ပြုလုပ်ရန်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းနေကြရာ ဝိနည်းပိဋကတ်ဝင် စူဠဝါပါဠိတော် စာအုပ်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ (သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)ထံသို့ လှူဒါန်းကြသော တောင်ဥက္ကလာပမြို့နယ် ၁၁ရပ်ကွက် ၂၇လမ်းနေ ဦးချစ်အေး-ဒေါ်ပျော့၊ စမ်းချောင်းမြို့နယ် ရွှေညောင်ပင်လမ်းနေ ဦးလှအောင်-ဒေါ်အေးရီမိသားစု၊ တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် သစ္စာလမ်းနေ ဗိုလ်ကြီး ဒေါ်လွင်မာထွန်း၊ ဒေါ်မေသွယ်ထွန်း(နည်းပြ-နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဌာန)၊ ဒေါ်မေနွယ်ထွန်း(စက်မှု-၁)၊ ဗိုလ်မှူး အောင်မင်းထွန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့က ကြေးပြားတစ်ချပ်စီ၊ ဖခင် ဦးကျော်ငြိမ်းအားရည်စူး၍ ဦးအောင်စိုး (အငြိမ်းစား-တပ်မတော် လေတပ်)-ဒေါ်မြမြစိန် မိသားစုတို့က ကြေးပြားသုံးချပ်၊ မရမ်းကုန်းမြို့နယ် ၈မိုင်ခွဲ ဆည်မြောင်းလမ်း အမှတ်(၁) နေ ဒေါ်ခင်ဦးဇံက ကြေးပြားသုံးချပ်၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် ၃ရပ်ကွက် ၁၄လမ်းနေ ဦးသိန်းဝင်း-ဒေါ်နုနုယဉ်၊ သား ပိုင်အောင်မော်၊ သမီး မဆုသွန်းဆင့် မိသားစုက ကြေးပြားနှစ်ချပ်၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက် လမ်းမတော်လမ်းနေ ဦးအောင်မင်း (ဦးစီးအရာရှိ ဆည်မြောင်း)-ဒေါ်စန်းသီတာအောင်၊ သမီး မအေးငြိမ်းစံ မိသားစုက စူဠဝါပါဠိတော်ကြေးပြားထည့်ရန် ကြေးသေတ္တာအတွက် အလှူတော် ငွေ ကျပ် ၁၀၀၀၀၀ တို့ကို လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

ထွန်တုံးပိတ်ပွဲ မိုင်းဖြတ်မြို့နယ်၌ ကျင်းပ
သဘာဝမြေသြဇာပြုလုပ်ပုံ သရုပ်ပြရှင်းလင်း

မိုင်းဖြတ် ဩဂုတ် ၈

မိုင်းဖြတ်မြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး ထွန်တုံးပိတ်ပွဲကို ဇူလိုင်၂၆ရက်က မြို့အဝင်စံပြကွက် ဝမ်ဟွေတောင်ဘက်ကွင်း အမှတ်(၁၁)၌ ကျင်းပသည်။**(အပေါ်ပုံ)**

လက်တွေ့သရုပ်ပြ

ရှေ့ဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနေထွန်းသန်းက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်မြင့်က ထွန်တုံးပိတ်ပွဲ ကျင်းပရခြင်း အကြောင်း ရှင်းလင်းတင်ပြပြီး သဘာဝမြေသြဇာ(စူပါ ဘိုကာရှီ) ပြုလုပ်ပုံကို လက်တွေ့သရုပ်ပြသကြသည်။

ထွန်တုံးပိတ်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက်၏ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ်၁၈ရက်က မင်္ဂလာလမ်း မင်္ဂလာခန်းမတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားစဉ်။ (၁၉၂)

မိုင်းငေါ့မြို့ အခြေခံပညာအထက်တန်းကျောင်း ဘက်စုံပညာထူးချွန်သူများ ဆုချီးမြှင့်

မိုင်းငေါ့ ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်မှုဆုပေးပွဲကို ဩဂုတ်၆ရက် နံနက် ၉နာရီက မိုင်းငေါ့ အထက မြစိမ်းရောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ကျောင်းသူကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းကော်မတီဥက္ကဋ္ဌ ဦးပြောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပညာရေးမှူး ဒေါ်သိန်းရှင်က အဖွင့်အမှာစကားပြောကြားကာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ ဆုရရှိသူများအား တာဝန်ရှိသူများက တစ်ဦးချင်း ဆုချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နိုင်ငံတော်၏ ၁၈၈ခုမြောက် ငါ့သရောက်ရေလှောင်တမံဖွင့်လှစ် ယခင် သီးနှံစိုက်ဧက ၂၀၀၀ကို နှစ်ဆတိုး၍ ဧက ၄၀၀၀အထိစိုက်ပျိုးနိုင် ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေအပြင် သောက်သုံးရေပါ အထောက်အကူပြု

စက်ခလုတ်နှိပ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ငါ့သရောက်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်ခဲ့သော မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ငါ့သရောက်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ညောင်ဦးခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံကျေးရွာများမှ တောင်သူလယ်သမားများ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်မည့် ငါ့သရောက်ရေလှောင်တမံတည်ဆောက်ထားသည့်

စာမျက်နှာ ၇ ကော်လံ ၁

ငါ့သရောက်ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့သော မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ငါ့သရောက်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဩဂုတ် ၂၁ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၀	ဒသမ	၇၁	လက်မ
ခန္တီး	၇	ဒသမ	၅၂	လက်မ
တောင်ကုတ်	၄	ဒသမ	၄၁	လက်မ
သံတွဲ	၃	ဒသမ	၃၉	လက်မ
ကျောက်တော်	၃	ဒသမ	၂၇	လက်မ
မော်လမြိုင်	၂	ဒသမ	၇၅	လက်မ
မချမ်းဘော	၂	ဒသမ	၅၆	လက်မ
ဝမြို့	၂	ဒသမ	၂၈	လက်မ
နမ့်စန်	၁	ဒသမ	၉၇	လက်မ
တောင်ကြီး	၁	ဒသမ	၅၄	လက်မ
ပင်လောင်း	၁	ဒသမ	၅၀	လက်မ
ပခုက္ကူ	၁	ဒသမ	၅၀	လက်မ
ချောက်မြို့	၁	ဒသမ	၁၈	လက်မ
မန္တလေး	၀	ဒသမ	၅၉	လက်မ

တောင်ငူနှင့်မအူပင်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၂၁

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၈ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၁ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။

(မြန်မာ့အလင်း)

ငါ့သရောက်ရေလှောင်တမံ

ငါ့သရောက်ရေလှောင်တမံသည် ရေဆင်းဧရိယာ ၅၄စတုရန်းမိုင်ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၁၈၈၀ရှိ၍ ချောင်းမကြီးချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူပေးသွားရန်ဖြစ်၏။ မြေသားတမံဖြစ်၍ အလျား ပေ ၇၅၅၀၊ တမံအမြင့် ၆၄ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၀၀၀ရှိ၍ အကျိုးပြု ဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ ဧက ၂၀၀၀ ဖြစ်၏။